# အာရက္ခတိုင်းမ်စ် ဂျာနယ်

Arakha Times Journal

လစဉ်စာစောင်

ရက္ခိုင်သက္ကရာဇ် ၁၃၈၆၊ တပို့တွဲလဆန်း (၃) ရက် ၂၀၂၅ ခုနှစ် ဇန်နဝါရီ (၃၁ ) ကြာသပဒေး စာစောင်အမှတ်စဉ် – (၆)







Photo - Golden Era Media

## ရဲကို ဒီလပ် လို့ AA ပြောင်းသုံး

ရက္ခိုင်ပြည်ရှိ လွတ်မြောက်နယ်မြေများတွင် အာရက္ခတပ်တော်က ရဲ ဆိုတဲ့ အသုံးအနှုန်းအစား ဒီလပ် (DLEPS) လို့ ပြောင်းလဲလိုက်တယ်လို့ ဒေသခံတွေ ဆိုပါတယ်။

အဆိုပါ ဒီလပ် (DLEPS) ရဲ့ စာလုံးအရှည်ဟာ Department of Law Enforcement and Public Security ဖြစ်ပြီး အာရက္ခပြည်သူ့လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဌာန ဖြစ်တယ်လို သိရပါတယ်။

## ARSAနဲ့ အပေါင်းအပါတွေ ဘယ်လောက်သက်ဆိုးရှည်နိုင်မလဲ

**CNA သတင်းဌာန ရဲ့ မူပိုင်ဆောင်းပါးရှင် ညိုမောင် ရေးသားသည်။**

**စာမျက်နှာ ၂၄ တွင် ဖတ်ရန်**

## သမိုင်းထဲက ရမ္မာဝတီ

**Arakha Times သတင်းဌာနရဲ့ ဆောင်းပါးရှင် လူဇော်ရေးသားသည်။**

**စာမျက်နှာ ၂၂ တွင် ဖတ်ရန်**

## စစ်တွေမှာ ကြွံဖွံ့ပါတီက လူမိုက်ငှားနေ

**စာမျက်နှာ ၂၂ တွင် ဖတ်ရန်**

# ဂွ နဲ့ သေိုင်းချောင်းကြားက ဗေဒါစစ်ဆေးရေးဂိတ်ကို အာရက္ခတပ်တော်ဝင်ရောက် ထိုးစစ်ဆင် တိုက်ခိုက်

Coastal News Agency ၊ ဇန်နဝါရီ ၊ ၃

ဂွ နဲ့ သေိုင်းချောင် ကြားမှာရှိတဲ့ စစ်ကောင်စီ ရဲ့ ဗေဒါစစ်ဆေးရေးဂိတ်ကို အာရက္ခတပ်တော်က ဝင်ရောက်ထိုးစစ်ဆင်တိုက်ခိုက်နေတယ်လို့ ဒေသသတင်းအရင်းမြစ်တွေက CNA ကိုပြောပါတယ်။

**“အရင်ကတော့ အဲတာက လဝက ဂိတ်ပေါ့။ ဒီနောက်ပိုင်း စစ်ကောင်စီက အဲဒီဂိတ်နေရာမှာ တပ်စခန်းချပြီးတော့ နေတော့ အဲဒီကို အာရက္ခတပ်တော် က ထိုးစစ်ဆင် တိုက်ခိုက်နေတာ။ တိုက်ပွဲကတော့တော်တော် ပြင်းပြင်းထန်ထန်ဖြစ်နေတယ်လို့”** အဲဒီ ဒေသသတင်းအရင်းမြစ် ကပြောပါတယ်။

အာရက္ခတပ်တော်ဟာ ဂွမြို့တစ်ခုလုံးကို ဒီဇင်ဘာလ ၂၉ ရက် နေ့လယ်ပိုင်းက အပြီးသတ်သိမ်းပိုက် ရှိထားခဲ့ပြီး



ဖြစ်ပါတယ်။

အဲဒီနောက် စစ်ကောင်စီ ကလည်း ဂွမြို့နယ် အတွင်းကို ပြန်လည်ဝင်ရောက်နိုင်ဖို့အတွက် စစ်အင်အားဖြည့်တာ စစ်စခန်း အသစ်တွေတည်ဆောက် တာတွေကို ဆက်တိုက်လုပ်ဆောင်နေတာတွေ ရှိနေတယ်လို့ ဂွ စစ်ရေးအခြေအနေကို စောင့်ကြည့်နေသူတစ်ဦးကပြောပါတယ်။

**“အခုက စစ်ကောင်စီက ရေဝတီထဲက တပ်တွေကို မကျီးဇင်ကိုစစ်တပ်နေ့တိုင်းလိုလိုကားတွေနဲ့ပို့နေတယ် အဓိကတော့သူတို့ ကိုပြန် သိမ်းဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်နေတယ်။ ဒီအခြေအအနေကဂွဒေသအတွက်မလုံခြုံသေးဘူး ဒီဖက်က နေရာ တော်တော် များများ ကို တပ်တော်က ထိန်းချုပ်နိုင်ဖို့ လိုသေးတယ်”**လို့ သူက ပြောပါတယ်။

ရက္ခိုင်ပြည်မှာ တကျော့ပြန်တိုက်ပွဲစတင်ပြီး နောက် တစ်နှစ်ကျော်ကာလအတွင်းမှာ အာရက္ခတပ်တော်ဟာရက္ခိုင်က မြို့ကြီး ၁၄ မြို့နဲ့ ပလက်ဝဒေသကိုအပြီးသတ်သိမ်းပိုက်ရရှိထားပြီး နောက်မှာလက်ရှိဖြစ်နေတဲ့စစ်ရေးအခြေအနေတွေကို အဆုံးသတ်ဖို့အတွက်နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းဖို့အသင့်ရှိတယ်လို့ အာရက္ခတပ်တော်က ထုတ်ပြန်ပြောဆိုထားပါတယ်။

# ကမ်းထောင်းကြီးကို စစ်ကောင်စီဗုံးကြဲ ဒေသခံအမျိုးသမီး တစ်ဦးသေဆုံး

Arakha Times ၊ ဇန်နဝါရီ ၊ ၃ ။

မြေပုံမြို့နယ်၊ကမ်းထောင့်ကြီးမြို့ အတွင်းကို စစ်ကောင်စီက ဇန်နဝါရီလ ၃ ရက်နေ့မှာ လေကြောင်းကဗုံးကြဲတိုက်ခိုက်ခဲ့တာကြောင့် အသက် ၇၀ အရွယ် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီးအဆောက်အဦးတွေလည်းပျက်စီးသွားခဲ့ရပါတယ်။

**“ဆေးရုံနဲ့စာသင်ကျောင်း ကို ၂ ခေါက်လာပြီးဗုံး ၃ လုံးကြဲတယ် အထက်တန်းကျောင်းကို၁လုံးနဲ့ ဆေးရုံ ကို ၂လုံးကျတယ်။ ဆေးရုံနားက အရီးတစ်ယောက်တော့ ဗုံးစထိမှန်ပြီးဆုံးသွားတယ်”** လို့သူ ကပြောပါတယ်။ ကမ်းထောင့်ကြီးမြို့ကို စစ်ကောင်စီက၂၀၂၄ ခုနှစ်စက်တင်ဘာ ၂၅ ရက်နေ့က



လည်း မြောက်ဘက် ဘုန်းတော်ကြီးကျောင်း၊လေးဝတီဘုန်းတော်ကြီးကျောင်းနဲ့ရဲစခန်းကိုလေကြောင်းက ဗုံးကြဲတိုက်ခိုက် ခဲ့တာကြောင့် ဒေသခံ ၃ ဦးသေဆုံးခဲ့ရပြီး ၇ ဦး ဒဏ်ရာရရှိခဲ့ရပါသေးတယ်။

စစ်ကောင်စီက အခုလို အရပ်သားပြည်သူတွေနေထိုင်ရာနေရာတွေကို အခုလို လေကြောင်းတိုက်ခိုက်တာတွေ ဆက် တိုက်လုပ်နေ ဒေသခံတွေ အနေနဲ့ စိုးရိမ်မှု တွေနဲ့နေထိုင်နေကြရတယ်လို့ ဆိုကြပါတယ်။

“နေ့တိုင်းကိုခေါင်းပေါ်ကလာလာ ဝဲနေတယ်။ မကြဲတာပဲရှိတယ်။လေယာဉ်သံကြားရင်လူတွေကကြောက်နေကြပြီ။စားကောင်းတိုင်းမစားနိုင်၊အိပ်ကောင်းတိုင်းမအိပ်ရဲကြတော့ဘူး” လို့သံတွဲဒေသခံတစ်ဦးကပြောပါတယ်။

အာရက္ခတပ်တော်ဟာ လက်ရှိမှာ ရက္ခိုင်ပြည် အတွင်းက မြို့နယ် ၁၄ ခု နဲ့ ပလက်ဝဒေသကို အပြီးသတ်သိမ်းသတ်သိမ်းပိုက် ရရှိထားပြီးဖြစ်ပါတယ်။

# စစ်ကောင်စီထိန်းချုပ်ထားဆဲ မာန်အောင်မှာ ငွေသားရှားပါးမှုကို ရင်ဆိုင်နေရ

Coastal News Agency၊ မြတ်သူ။

ဇန်နဝါရီ၊ ၁၁ ။

စစ်ကောင်စီထိန်းချုပ်မှုအောက်မှာ ရှိနေဆဲဖြစ်တဲ့ မာန်အောင်မြို့အတွင်းမှာ ငွေသားရှားပါးမှု နဲ့ ရင်ဆိုင်နေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။



မာန်အောင်ဟာ တိုက်ပွဲတစ်စုံတရာဖြစ် ပွားမှုမရှိပေမဲ့ စစ်ကောင်စီဟာသွားလာခွင့်၊ကုန်ပစ္စည်းသယ်ယူခွင့်တွေကို ရက္ခိုင်တကျော့ပြန်တိုက်ပွဲ စတင်ချိန်ကတည်းကပင် စစ်ကောင်စီ ရဲ့ တားမြစ်ကန့်သတ်မှုတွေကို ခံထားရတဲ့ မြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။

အဲဒါတွေအပြင် ၂၀၂၄ခုနှစ် နိုဝင်ဘာလလောက်ကတည်းကပင် မာန်အောင်ကို စစ်ကောင်စီက ဖုန်းလိုင်း အင်တာနက်လိုင်းတွေကို ထပ်မံဖြတ်တောက်ပစ်လိုက်တာကြောင့် အခုအခါမှ ဒေသခံတွေ အနေ နဲ့ ငွေထုတ်ရေးအပိုင်းတွေမှာ အခက်တွေ့နေရသလို ငွေသားရှားပါးမှုတွေကိုပါ ရင်ဆိုင်နေရတယ်လို့ မာန်အောင်က ငွေလွှဲငွေထုတ်ပြုလုပ်သူ ဒေသခံတစ်ဦးက ပြောပါတယ်။

**“ငွေသားရှားပါးမှုကတော့ ဖြစ်လာတယ် အခုနောက်ပိုင်း။ ငွေသားက မာန်အောင်ကို ဝင်မှမဝင်တော့တာ။ ဘဏ်တွေမှာလည်း ထုတ်မရ။ တော်တော် အခက်အခဲ ဖြစ်တယ်။ KBZ ဘဏ်က ပိတ်တာတော့ ကြာပါပြီ။ စီးပွားရေးဘဏ်မှာလည်း ငွေသားထုတ်လို့မရဘူး”** လို့ သူက ပြောပါတယ်။

ဒီလို ငွေသားရှားပါးမှုကို ဆက်လက်ရင်ဆိုင်နေရမယ်ဆိုရင် ဒေသခံပြည်သူတွေအနေနဲ့ စားဝတ်နေရေးပိုင်းတွေမှာ ပိုမိုအဆင်မပြေမှုတွေ ဖြစ်လာမှာဖြစ်တဲ့အတွက် ဒီကိစ္စကို စစ်ကောင်စီအနေနဲ့ ဖြေရှင်းပေးသင့်တယ်လို့လည်း ဆိုကြပါတယ်။

**“ရန်ကုန်တို့မှာလို Kpay နဲ့လည်း ရှင်းလို့လည်း ရတာမဟုတ်ဘူး။ ဒီကိစ္စကို စစ်ကောင်စီက ဖြေရှင်းပေးသင့်တယ် အခုက ဖုန်းလိုင်း အင်တာနက်လိုင်းတွေကိုပါ ဖြတ်ထားတော့ ပိုအဆင်မပြေဖြစ်တယ်။ ဒါကို သူတို့လုပ်ထားတော့ သူတို့ အဆင်ပြေအောင် ဖြေရှင်းသင့်တယ်”** လို့ နောက်ထပ် မာန်အောင်ဒေသခံတစ်ဦးက ဆိုပါတယ်။

လက်ရှိမာန်အောင်က ဒေသခံတွေဟာ ပြည်ပက ပေးပို့လာတဲ့ ငွေတွေကို သက်ဆိုင်ရာဒေသက မိသားစုတွေကို ပြန်လည်ထုတ်ပေးနိုင်ဖို့ အတွက် စစ်ကောင်စီတပ်စခန်းတွေ ရှိရာနေရာ တွေမှာ အင်တာနက်သုံးစွဲခ ငွေကြေးပေးကာ အခက်အခဲများစွာနဲ့ ထုတ်ပေးနေကြရတယ်လို့လည်း ဆိုပါတယ်။

# ရက္ခိုင်မှာ AA က ART ဆေးနဲ့ TB ဆေးအခမဲ့ဖြန့်ဝေ

Arakha Times၊ ဇန်နဝါရီ၊ ၈ ။

ရက္ခိုင်ကမြို့ ၁၅ ခုနဲ့ ပလက်ဝမြို့ တွေမှာ ပြီးခဲ့တဲ့ ဇန်နဝါရီလ ၆ ရက်နေ့က ART ဆေး နဲ့ TB ဆေးတွေကို ပထမဆုံးအကြိမ်အနေ နဲ့ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်၊အာရက္ခတပ်တော်က အခမဲ့ ပေးဝေခဲ့တယ်လို့ သိရပါတယ်။

**“HIV ပိုးထိန်းဆေးဖြစ်တဲ့ ARTဆေး နဲ့ TBဆေး တွေကို မာန်အောင် နဲ့ စစ်တွေက လွဲပြီးတော့ ပလက်ဝဒေသ နဲ့ ကျန်တဲ့ရက္ခိုင်ပြည်ကမြို့နယ်အားလုံး ကို ပထမအကြိမ်အဖြစ် အခမဲ့ ဖြန့်ဝေ**



**ပေးနေတယ်”** လို့ အာရက္ခပြည်သူ့ကျန်းမာရေးဌာန တာဝန်ရှိသူကပြောပါတယ်။

ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်၊ အာရက္ခတပ်တော်က ပထမအကြိမ် အနေနဲ့ ၄၀၉ သိန်းကျော်တန်ဖိုးရှိတဲ့ ATR ဆေးနဲ့ ၄၅ သိန်းကျော် တန်ဖိုးရှိတဲ့ TB ဆေး စုစုပေါင်း ၄၅၄ တန်ဖိုးရှိတဲ့ဆေး တွေကို အခမဲ့ဖြန့် ဝေခဲ့တာဖြစ်ပါတယ် HIV လူနာ တစ်ယောက်အတွက် ဆေးဖိုး တစ်လကုန်ကျငွေ တစ်သိန်းကျပ်နဲ့TB လူနာတစ်ယောက်အတွက်ဆေးဖိုး ခြောက်လ ကုန်ကျငွေ လေးသိန်းခွဲခန့် ကုန်ကျတယ်လို့ သိရပါတယ်။

ရက္ခိုင်ပြည်တွင် ၂၀၂၃ ခုနှစ် ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းကောက်ယူထားတဲ့စာရင်းအရ HIV/AIDS လူနာ ၂၅၀၀ကျော်နဲ့ TB ရောဂါသတ်မှတ်လူနာ၄၀၀၀၀ ဝန်းကျင်ရှိတယ်လို့ သိရပါတယ်။

# ဟိုင်းကြီးမှာ ဖမ်းဆီးခံထားရတဲ့ ရက္ခိုင်ဒေသခံ ၂၀၀ ကျော်ကို စစ်ကောင်စီ ပြန်လွှတ်ပေး

Coastal News Agency ၊ ဇန်နဝါရီ ၊ ၇ ။
သတင်း ၊ မြတ်သူ။

မာန်အောင်နဲ့ တောင်ကုတ် က ခရီးသည် ၂၇၉ ဦး တင်လာတဲ့သင်္ဘော တစ်စီး ကို ဟိုင်းကြီးကျွန်းအနီးမှာရှိတဲ့ စစ်ကောင်စီ ရေတပ် သင်္ဘောက တစ်ပတ်ကြာ ဖမ်းဆီးစစ်ဆေးပြီးနောက် ဇန်နဝါရီလ ၆ရက် နေ့ညနေမှာ ပြန်လွှတ်ပေးလိုက်တယ်လို့ သင်္ဘောပေါ် လိုက်ပါလာသူတွေက ပြောပါတယ်။



ပုံ – စစ်ကောင်စီဖမ်းဆီးခံရပြီးနောက် ပြန်လွှတ်မြောက်လာတဲ့ ဒေသခံများမြင်တွေ့ရမှု။

ရွှေလမင်း (၅) အမည်ရှိတဲ့ သင်္ဘောဟာ မာန်အောင်မြို့နယ်အတွင်းက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ တောင်ကုတ်သို့ ထွက်ခွါလာပြီးနောက်တောင်ကုတ်ကနေ တဆင့်ရန်ကုန်သို့ ထွက်ခွါလာခဲ့ပါတယ်။

အဲဒီနောက် ရန်ကုန်သို့ထွက်ခွါလာတဲ့ သင်္ဘောဟာ ၂၀၂၅ ခုနှစ်ဇန်နဝါရီလ ၁ ရက်နေ့မှာ ဟိုင်းကြီးကျွန်းမှာ စစ်ကောင်စီရဲ့ နေဗီ ဖမ်းဆီးတာကို ခံလိုက်ရပါတယ်။
အဲဒီနောက် တစ်ပတ်ကြာ ဖမ်းဆီးစစ်ဆေးပြီးတဲ့ နောက်မှာ ဇန်နဝါရီလ ၆ ရက်နေ့မှာ ပြန်လွှတ်ပေးခဲ့တာဖြစ်တယ်လို့ ပြန်လည်လွှတ်မြောက်လာတဲ့ မာန်အောင်ဒေသခံ တစ်ဦးကပြောပါတယ်။

'မာန်အောင် နဲ့ တောင်ကုတ်က ဝန်းထမ်းတွေ နဲ့ နေမကောင်းတဲ့သူတွေများတယ်ပေါ့။ အဲဒါကို သူတို့ အထက်ကို တင်ပြပြီးတော့ စစ်ဆေးပြီးတော့ အခုလို ပြန်လွှတ်ပေးလိုက်တာ။ တစ်ယောက်မှတော့မဖမ်းထားလိုက်ဘူး" လို့ သူက ဆိုပါတယ်။

အဲဒီသင်္ဘောပေါ်လိုက်ပါလာတဲ့ မာန်အောင်ဒေသခံ တစ်ဦးကို ရန်ကုန်အရောက် သင်္ဘောစရိတ် ၄၀၀၀၀၀စီ ပေးရပြီး တောင်ကုတ်ကနေ လိုက်ပါလာသူ တစ်ဦးကို ၇၀၀၀၀၀ စီ ပေးဆောင်ကာ လိုက်ပါလာကြရတယ်လို့ ဆိုပါတယ်။

ဒါပေမယ့် ရေယာဉ်ပိုင်ရှင်တွေ က ကုန်တင်ခွင့်သာ စစ်ကောင်စီဆီ မှာ ကုန်တင်ခွင့်တာတောင်းခံသာပြီး လူတင်ခွင့် တောင်းခံထားတာ မရှိတဲ့အတွက် အခုလို ဖမ်းဆီးခံခဲ့ရတာဖြစ်တယ်လို့ နောက်ထပ် သင်္ဘောပေါ်မှာလိုက်ပါလာတဲ့ မာန်အောင်ဒေသခံ တစ်ဦးကပြောပါတယ်။

"သင်္ဘောလက်မှတ်ကောက်တာက မာန်အောင်က ကိုပေါက်စတို့ကောက်တာ သူတို့က မရှင်းမရှင်းလုပ်လို အခုလို ကျနော်တို့ကို အဖမ်းခံရတာ သူတို့က ကုန်တင်ခွင့်တောင်းပြီး လူတင်တော့ ဖမ်းခံရတာဖြစ်တယ် တော်သေးတယ် ကျနော်တို့ အဖမ်းမခံခဲ့ရလို့။ အခုတော့ အေးအေးဆေးဆေး နဲ့ ထွက်လာနေရပြီ ရန်ကုန်ကိုလည်း ရောက်ခါနီးပြီလို့ သိရတယ်လို့" သူက ပြောပါတယ်။

ရက္ခိုင်မှာ တကျော့ ပြန်တိုက်ပွဲစတင်ချိန်ကတည်းကပင်စစ်ကောင်စီ ဟာ မာန်အောင် – တောင်ကုတ်ပြေးဆွဲနေတဲ့ ရေကြောင်းလိုင်းတွေကို ပိတ်ဆို့တားမြစ်လိုက်တဲ့အပြင် မာန်အောင်မြို့နယ် အတွင်းကို ကုန်ပစ္စည်းသယ်ယူခွင့်တွေ နဲ့ ဆေးဝါး သယ်ယူခွင့်တွေကိုပါ စစ်ကောင်စီ က တားမြစ်ခံထားရတဲ့ မြို့နယ် တစ်ခုလည်းဖြစ်ပါတယ်။

# ARSAနဲ့ အပေါင်းအပါတွေ ဘယ်လောက်သက်ဆိုးရှည်နိုင်မလဲ

**CNA သတင်းဌာန ရဲ့ မူပိုင်ဆောင်းပါးရှင် ညိုမောင် ရေးသားသည်။**

စာမျက်နှာ ၂၄ တွင် ဖတ်ရန်

# စစ်တွေကရွာလုံး ကျွတ်နှင် ထုတ်ထားတဲ့ အိမ်တွေကို ခိုးယူရောင်းစား မှုရှိနေ



ပုံ – စစ်တွေမြို့မဈေးမြင်ကွင်း။ (ပုံဟောင်း)

Arakha Times ဇန်နဝါရီ ၆

ရက္ခိုင်ပြည် စစ်တွေမြို့က စစ်ကောင်စီကနေ အတင်းအဓမ္မ ရွာလုံးကျွတ် နှင်ထုတ်ခံထားရတဲ့ အိမ်တွေကို ခိုးယူရောင်းစားနေပြီး စစ်ကောင်စီက အရေးမယူဘဲ မျက်ကွယ်ပြုထားတယ်လို့ စစ်တွေဒေသခံတွေထံကနေ သိရပါတယ်။

စစ်ကောင်စီက ရွာလုံးကျွတ် နှင်ထုတ်ထားတဲ့ စစ်တွေမြို့က ရွှေပြည်သာ၊ ဗျိုင်းဖြူရွာစတဲ့ ရွာ ၁၂ ရွာ ရှိပြီးတော့ အဲဒီရွာမှာရှိတဲ့ နေအိမ်တွေကို ဖြိုဖျက်ပြီး သစ်တွေကို ခိုးရောင်းနေကြတာလည်း ဖြစ်ပါတယ်။

သစ်တွေကို ခိုးရောင်းတဲ့ သူတွေကို အဲဒီရွာမှာ စောင့်နေကြတဲ့ စစ်ကောင်စီတပ်တွေက ဖမ်းဆီးတာတွေ မရှိသလို တစ်ခါတလေ ဖမ်းမိတဲ့သူတွေကိုလည်း စစ်ကောင်စီတပ်တွေက သူတို့အတွက် ဖိုးခိုကျင်းတူးခိုင်းပြီး ပြန်လွှတ်ပေးတာတွေ ရှိတယ်လို့ စစ်တွေဒေသခံတစ်ယောက်က ပြောပါတယ်။

“ထွက်ပြေးသွားကြတဲ့ ရွှေပြည်သာရွာတို့၊ ဗျိုင်းဖြူရွာတို့ လက်ရှိ ဗျိုင်းဖြူရွာက ဘာမှမရှိတော့ဘူး။ ရွှေပြည်သာရွာက ပျဉ်အိမ်တွေကို ဖျက်ပြီးတော့ သစ်တွေကို ခိုးပြီးတော့ သယ်တယ်။ သယ်တာက ချောင်းကနေ ရေနဲ့မျှောပြီးတော့ သစ်ဖောင်လို လုပ်ပြီးတော့ သူတို့က မျှောတာက ရေတက်တဲ့အချိန်မှာ အန်တီတို့ဘက်က ချောင်းရှိတယ်” လို့ အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

ပြီးတော့ စစ်ကောင်စီက နှင်ထုတ်ထားတဲ့ ရွာ ၁၂ ရွာအပြင် စစ်တွေမြို့ပေါ်မှာရှိတဲ့ မင်းဂံရပ်ကွက်က တိုက်ပွဲရှောင်သွားတဲ့သူတွေရဲ့ အိမ်တွေ၊ လူမနေတဲ့အိမ်တွေကိုလည်း အုပ်အချပ်လိုက် ခွာပြီးတော့ ခိုးယူရောင်းစားတာတွေ၊ ဖောင်ဒေးရှင်း အနေနဲ့ ချထားတဲ့ ကျောက်စရစ်တွေကို တူးဖော်ပြီး ရောင်းနေကြတာတွေ လုပ်နေကြတယ်လို့လည်း သိရပါတယ်။

အဲဒီလို ခိုးယူရောင်းစားနေကြတာကြောင့် မင်းဂံရပ်ကွက် တချို့မှာ နေအိမ်တွေ မရှိသလောက်ကို ဖြစ်နေတယ်လို့ စစ်တွေဒေသခံတစ်ဦးက ပြောပါတယ်။

“မင်းဂံရပ်ကွက်ရဲ့ ထွက်ပြေးတိမ်းရှောင်တဲ့သူတွေ များတဲ့ရပ်ကွက်တွေမှာဆိုရင် တိုက်အိမ်တွေကို တစ်စစီ ဖြိုပြီးတော့ အုတ်ချပ်တွေကို အချပ်လိုက် အချပ်လိုက်ရရင် အချပ်လိုက်ဈေးရမယ်။ အချပ်ထဲမှာ ဘိလပ်မြေတွေ ကပ်နေတယ် ဆိုရင် ဘိလပ်မြေတွေ သေချာခွာမထားဘဲနဲ့ ဘိလပ်မြေတွေ အတုံးလိုက် ကပ်နေလို့ရှိရင် တစ်ဈေးနဲ့ အဲဒီလိုမျိုး ရောင်းစားနေကြတာ” လို့ အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

မင်းဂံရပ်ကွက်က ဒေသခံတွေအပါအဝင် စစ်တွေဒေသခံအများအပြားဟာ ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ် အာရက္ခတပ်တော်နဲ့ စစ်ကောင်စီတပ်တို့ တကျော့ပြန် တိုက်ပွဲပြန်ဖြစ်တဲ့အချိန်ကနေစပြီး အိုးအိမ်စွန့်ခွာပြီးတော့ တိုက်ပွဲရှောင်ခဲ့ကြတာ ဖြစ်ပါတယ်။

# သမိုင်းထဲက ရမ္မာဝတီ

**Arakha Times သတင်းဌာနရဲ့ ဆောင်းပါးရှင် လူဇော်ရေးသားသည်။**

စာမျက်နှာ ၂၂ တွင် ဖတ်ရန်

# ရက္ခိုင်မှာ စစ်ကောင်စီလေကြောင်းဗုံးကြဲတိုက်ခိုက်လို့ နှစ်ပတ်အတွင်း ပြည်သူ ၅၀ ကျော်သေဆုံး ၈၀ ကျော်ဒဏ်ရာရ

Coastal News Agency ၊ဇန်နဝါရီ ၊ ၁၄ ။
သတင်း ၊ မြတ်သူ။

ရက္ခိုင်မှာ ဇန်နဝါရီလ ၁ ရက်နေ့ကနေ့ ၁၄ ရက်နေ့ အထိ နှစ်ပတ်အတွင်း မှာ စစ်ကောင်စီက အရပ်သားပြည်သူတွေနေထိုင်ရာနေရာတွေကို လေ ကြောင်းကနေပြီးတော့ ဗုံးကြဲတိုက် ခိုက်ခဲ့တဲ့အတွက် ပြည်သူ ၅၀ ကျော် သေဆုံးခဲ့ရပြီး ၈၀ ကျော်ဒဏ်ရာရရှိခဲ့ တာကို CNA ရဲ့ မှတ်တမ်းတွေအရ သိရပါတယ်။

စစ်ကောင်စီဟာ ဒီနှစ်ပတ်အတွင်းမှာ ရက္ခိုင်က ဂွမြို့နယ်၊ကျောက်တော်မြို့နယ်၊ရမ်းဗြဲမြို့နယ် ၊ မြေပုံမြို့နယ် နဲ့ ပုဏ္ဏားကျွန်း မြို့နယ်တွေကို လေကြောင်းကနေတဆင့် ဆက်တိုက်ဗုံးကြဲတိုက်ခိုက်တာတွေကို လုပ်ဆောင်ခဲ့တာလည်း ဖြစ်ပါတယ်။

အဲဒီထဲက ရမ်းဗြဲမြို့နယ် အတွင်းက ကျောက်နီမော် တိုက်နယ်ကို ဇန်နဝါရီလ ၈ ရက်နေ့က စစ်ကောင်စီက လူနေရပ်ကွက်တွေကို လေကြောင်းတိုက်ခိုက်ခဲ့တာကြောင့် ဒေသခံပြည်သူ ၄၁ ဦးအစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသလို ပြည်သူ ၅၀ ကျော်ဟာလည်း ဒဏ်ရာ ရရှိခဲ့ရပါတယ်။



*ပုံ – လူ ၄၀ ကျော်သေဆုံးခဲ့ရတဲ့ ကျောက်နီမော်တိုက်နယ်မီးလောင်နေမှုမြင်ကွင်း။*

အဲဒါတွေ အပြင် ကျောက်နီမော်တိုက်နယ် အတွင်းမှာ ရှိနေတဲ့ ဒေသခံပြည်သူ နေအိမ် ၄၀၀ နီးပါးလောက်ဟာလည်း မီးလောင်ပျက်စီးသွားခဲ့ရပါတယ်။

အဲဒီနောက် ကျောက်တော်မြို့နယ် အတွင်းက ကျောက်တော်မြို့ဈေးပတ်ဝန်းကျင်အပါအဝင် နေရာအများစုကို ဇန်နဝါရီလ ၁၁ ရက်နေ့က စစ်ကောင်စီက လေကြောင်းတိုက်ခိုက်ခဲ့တာကြောင့် အရပ်သား ၁၀ ဦးသေဆုံးခဲ့ရပြီး ပြည်သူ ၃၀ လောက်ဟာ လည်း ဒဏ်ရာ ရရှိခဲ့ရပါတယ်။

ဇန်နဝါရီလ ၃ ရက်နေ့ နဲ့ ၄ ရက်နေ့တွေမှာလည်း ဂွမြို့နယ် နဲ့ မြေပုံမြို့နယ်အတွင်းက ကမ်းထောင့်ကြီး မြို့တွေကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်ခဲ့တာကြောင့် ကမ်းထောင့်ကြီးမြို့နယ် အတွင်းက အမျိုးသမီးတစ်ဦးသေဆုံးခဲ့ရသလို ဂွမြို့နယ် အတွင်းက ပြည်သူ တစ်ဦးဟာလည်း သေဆုံးခဲ့ရပြီး နောက်ထက်တစ်ဦးဟာလည်း ဒဏ်ရာ ရရှိခဲ့ရပါတယ်။

ဇန်နဝါရီလ ၅ ရက်နေ့မှာတော့ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းက အင်ဇုံပြင်ရွာကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်ခဲ့တာကြောင့် အရပ်သားပြည်သူ ၄ ဦးဟာလည်း သေဆုံးခဲ့ရပါတယ်။

# ကျောက်ဖြူဒေသခံတွေ ကြေးနန်းနဲ့ ဆက်သွယ်နေရ

Arakha Times ၊ ဇန်နဝါရီ၊ ၁၀။

စစ်ကောင်စီ ထိန်းချုပ်ထားတဲ့ ရက္ခိုင်ပြည်၊ ကျောက်ဖြူမြို့နယ် မှာ ဖုန်းလိုင်းမရတာကြောင့် ကြေးနန်းရုံးကနေတဆင့် ဆက်သွယ်နေရတယ်လို့ ကျောက်ဖြူဒေသခံတွေက ပြောပါတယ်။

အရင်က ကျောက်ဖြူမြို့နယ်မှာ ကမ်းရိုးတန်းဖုန်းလို့ခေါ်တဲ့ MEC ဆင်းကဒ်တွေနဲ့ ဆက်သွယ်တာတွေ လုပ်လို့ရပေမယ့် အခုချိန်မှာတော့ အဲဒါတွေလည်း မရတော့ဘူးလို့ သိရပါတယ်။

ကျောက်ဖြူ ဒေသခံတွေ အနေနဲ့ ရက္ခိုင်ပြည် ပြင်ပကို ရောက်နေတဲ့ ဒေသခံတွေ ဆက်သွယ်ရေး လုပ်တဲ့အခါ ကြေးနန်းရုံးကနေတဆင့် လုပ်နေရတာ ဖြစ်ပါတယ်။



*ပုံ၊ကျောက်ဖြူမြို့မြင်ကွင်း။ ပုံဟောင်း။*

ကြေးနန်းရုံးကနေတဆင့် ဆက်သွယ်တဲ့အခါမှာလည်း တစ်ယောက်ကို ၅ မိနစ်လောက်ပဲ ပြောခွင့်ရတယ်လို့ မန္တလေးကို ရောက်နေတဲ့ ကျောက်ဖြူဒေသခံတစ်ယောက်က ပြောပါတယ်။

**“MEC လည်း မရတော့ဘူး။ အဲဒီဟာ**

ပါ မရတော့တာ။ အရင်က MEC ရခဲ့သေးတယ်လေ။ MEC ရလို့ဆိုတာလည်း အဲဒီဟာလည်း တကယ့်တကယ်တော့ မရပါ။ ဒါပေမယ့် တစ်နေ့ ၁ ခါ ၂ ခါလောက်တော့ ပြောရတာပေါ့။စကားပြောဖို့အတွက်လည်း အမြဲတမ်း ခေါ်မရဘူး။ တချို့ဖုန်းလိုင်း အားမှ ပြောရတာ။ အခုကကျတော့ လုံးလုံးကို မရတော့တာ။ အဲဒီ MEC လည်း ဘာမှကို မရတော့တာ။ အခု ဆက်မယ်ဆိုလို့ရှိရင် အခုက ဘယ်လိုဖြစ်နေလဲဆိုတော့ ကြေးနန်းရုံးကို အရေးအကြောင်းကိစ္စရှိရင် လာဆက်။ လာဆက်လို့ရှိရင်လည်း မနက်ကတည်းက တန်းစီရတာ။ ပြီးလို့ရှိရင် မနက်ကတည်းက တန်းစီ။ အဲဒါတောင် ကိုယ့်အလှည့်ကို တခါတလေ နေ့လယ်မှ ရချင်ရတာ။ နောက်ပြီးရင် လူတစ်ယောက်က ၅ မိနစ်ထက် ပိုပြောလို့ မရဘူး” လို့ အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

ကျောက်ဖြူဒေသခံတော်တော်များများက ဖုန်းလိုင်းကြောင့် မိသားစုနဲ့ အဆက်အသွယ်မရကြဘူးလို့ သိရပါတယ်။

လက်ရှိမှာ အာရက္ခတပ်တော်က ရက္ခိုင်ပြည်ရဲ့ ၁၇ မြို့နယ်မှာ ၁၄ မြို့နယ်ကို သိမ်းပိုက်ထားပြီးဖြစ် သလို ရက္ခိုင်တောင်ပိုင်းမှာဆိုရင် ကျောက်ဖြူမြို့နယ်ပဲ ကျန်တော့တာ ဖြစ်ပါတယ်။

ဒါကြောင့် စစ်ကောင်စီက ဖုန်းလိုင်းတွေကို ဖြတ်ထားတာ ဖြစ်နိုင်တယ်လို့ ကျောက်ဖြူဒေသခံတစ်ယောက်က ပြောပါတယ်။

“အဆက်အသွယ်ကတော့ မရတော့ဘူး။ အခုကလေ လုံးဝမရဘူးလိုတောင် ဖြစ်နေတာ။ တချို့ ဖုန်းဆက်မယ်ဆိုရင် ကြေးနန်းရုံးက ဆက်ရတာလေ။ ဆက်သွယ်ရေးရုံးပေါ့၊ အဆက်အသွယ်က အကုန်လုံး ပြတ်တောက်နေတာအခုက။ မိသားစုနဲ့ အဆက်အသွယ် မရဘူးဖြစ်နေတာ ၁ လနီးပါးလောက် ရှိပြီ။ အဆက်အ သွယ်ရတုန်းကသိတဲ့ အတိုင်းအဆက် အသွယ်ရတယ်ဆိုတာကလည်း ဖုန်းလိုင်းရချင်ရတယ်၊ ခေါ်လို့ရချင်ရတယ်၊ရချင်မှရတယ်။ အဲဒီလိုဖြစ်နေတာကို။ တောင်ပိုင်းမှာ ကျောက်ဖြူတစ်ခုပဲ ကျန် တော့တာကိုး။ အဓိကတော့ အဲဒါကြောင့်ပေါ့” လို့ အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

အခုလက်ရှိ ကျောက်ဖြူမှာ အာရက္ခတပ်တော်နဲ့စစ်ကောင်စီတပ်တို့တိုက်ပွဲဖြစ်လာနိုင်တယ်ဆိုပြီး သတင်းတွေထွက်နေတာကြောင့် ကျောက်ဖြူမြို့နယ်မှာ စစ်ကောင်စီက စစ်ဆေးတာ တွေ တင်းကြပ်နေပြီး ဒေသခံတချို့ကလည်း ကြိုတင်တိမ်းရှောင်တာတွေ လုပ်နေကြတယ်လို့ သိရပါတယ်။

# ကျောက်နီမော်ကျေးရွာက အိမ်ထောင်စု ၃၇၉ စုကို HDCO က စားနပ်ရိက္ခာထောက်ပံ့

Coastal News Agency ၊

ဇန်နဝါရီ ၊ ၁၆။

စစ်ကောင်စီက လေကြောင်းတိုက်ခိုက်ခဲ့တဲ့ ရမ်းဗြဲမြို့ ကျောက်နီမော်ကျေးရွာက ဒုက္ခသည် အိမ်ထောင်စု ၃၇၉ စုကို ULA/AA ရဲ့ လူသားချင်းစာနာထောက်ထားရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးရုံး (HDCO)က စားနပ်ရိက္ခာ ထောက်ပံ့ခဲ့တယ်လို့သတင်းထုတ်ပြန်လာပါတယ်။



"စစ်ကောင်စီလေတပ် မှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ်များမီးလောင် ပျက်စီးဆုံးရှုံးပြီး အခက်အခဲများစွာ ကြုံတွေ့နေကြရသော ကျောက်နီမော်ရွာ မှ ပြည်သူများအား စားနပ်ရိက္ခာထောက်ပံ့သည့် မှတ်တမ်းဓာတ်ပုံ"

စစ်ကောင်စီဟာ အာရက္ခတပ်တော်က အပြီးသတ် သိမ်းပိုက်ထားပြီး ဖြစ်တဲ့ ရမ်းဗြဲမြို့ ကျောက်နီမော်ကျေးရွာ က မွတ်ဆလင်ပြည်သူ အများစုနေထိုင်တဲ့ တောင်ပိုင်းရပ်ကွက်အပါအဝင် မြောက်ပိုင်းရပ်ကွက် နဲ့ အလယ်ပိုင်းရပ်ကွက်တွေကို ဇန်နဝါရီလ ၈ ရက်နေ့က လေကြောင်းတိုက်ခိုက်တာကို လုပ်ဆောင်ခံခဲ့ရတာပါ။

အဲဒီတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၃၉ ဦးသေဆုံးခဲ့ရပြီး နောက်ထပ် ၁၂ ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ရသလို နေအိမ် ၃၉၈ ဆောင်ဟာလည်း မီးလောင်ပျက်စီးခဲ့ရပါတယ်။

အဲဒီလို နေအိမ် နဲ့ ပစ္စည်းဥစ္စာတွေ မီးလောင်ဆုံးရှုံးခဲ့ရပြီး အခက်အခဲဖြစ်နေတဲ့ အိမ်ထောင်စု (၃၇၉) စု၊ ကျား (၇၃၂) ဦး၊ မ(၉၅၀) ဦး၊ စုစုပေါင်း (၁၆၈၂) ဦး အတွက် ၁ ပတ်စာ အရေးပေါ်ရိက္ခာကို HDCO က ထောက်ပံ့ပေးအပ်ခဲ့တာဖြစ်တယ်လို့ ဆိုထားပါတယ်။

ဒါ့အပြင် ဒဏ်ရာရလူနာတွေကိုလည်း ဆေး ကု သ ပေး တာ တွေ အ ပြ င် တခြားလိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးတာတွေလည်း ရှိနေတယ်လို့ ဖော်ပြထားပါတယ်။

ဒါ့အပြင် လက်ရှိ ခက်ခဲနေတဲ့ ပြည်သူတွေကိုလည်း အကူအညီတွေ ဆက်လက်ပေးနိုင်ဖို့ အတွက် လူမှုကယ်ဆယ်၊ ကူညီရေးအဖွဲ့တွေ နဲ့ ချိတ်ဆက်လုပ်ဆောင်ဖို့လည်းရှိတယ်လို့ HDCO က ပြောဆိုထားပါတယ်။

# စစ်တွေမှာ ဆန်ကြမ်းရှားနေလို စစ်ရှောင်မထွက်ပဲနေတဲ့ ပြည်သူတွေ အခက်အခဲ ဖြစ်နေ

Arakha Times
ဇန်နဝါရီ ၊ ၁၆ ။


ပုံ၊ စစ်တွေမြို့ဝင် ဆိုင်းဘုတ်မြင်ကွင်း။ ပုံဟောင်း။

လက်ရှိအကြပ်အတည်းကာလအတွင်း စစ်တွေမြို့မှာ ဒေသခံလူထုအားလုံးနီးပါး ဝယ်ယူစားသောက်နိုင်တဲ့ ဆန်ကြမ်းတွေဟာ ရှားပါးနေတာကြောင့် အခက်အခဲဖြစ်နေကြတယ်လို့ ဒေသခံတွေက အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

ဆန်ကြမ်းတွေဟာ ဝယ်ယူလို့ရပေမယ့် အနံ့နံတဲ့ ဆန်ကြမ်းအမျိုးအစားတွေသာဖြစ်ပြီး ဝယ်စားတဲ့သူမရှိတဲ့ ဆန်အကောင်းစားတွေကတော့ ပေါများတယ်လို့ စစ်တွေဒေသခံတစ်ဦးက ပြောပါတယ်။

“စစ်တွေမြို့ပေါ်မှာ လက်ရှိအခြေအနေက ဆန်အကောင်းဆုံး ဖျာပုံပေါ်ဆန်းမွှေးတို့ ပုသိမ်ပေါ်ဆန်းမွှေးတို့ အဲဒီဆန်တွေက ဝယ်စားမယ့်သူမရှိတော့ ပေါတယ်။ အဲဒီဆန်တွေက တစ်အိတ်ကို နှစ်သိန်းနဲ့ခြောက်သောင်း (၂၆၀၀၀၀)။ ဒါပေမယ့် အပေါစားဆန်ပေါ့ အများစု စားနိုင်တဲ့ဆန်က တစ်သိန်းကျော်ပေါ့နော် အဲဒါတွေက ရှာလို့မရဘူးဆိုတာ။ ရတော့ရတယ်။ ဒါပေမယ့် အနံ့နံတဲ့ ဆန်တွေပဲရှိတယ်။ ကောင်းတဲ့ဆန်မရှိဘူး အဲဒီဆန်တွေရှားနေတယ်။ ဈေးကတော့ အဲဒီလောက်မကြီးဘူး တစ်သိန်းကျော်ပတ်ဝန်းကျင်” လို့ ပြောပါတယ်။

ဒ့ါအပြင် ရက္ခိုင်မှာ တိုက်ပွဲဖြစ်ပွားကတည်းက အခြားနေရာဒေသတွေကို ထွက်ပြေးမတိမ်းရှောင်နိုင်တဲ့ စစ်တွေမြို့ခံတွေထဲမှာ အမျိုးသမီးတွေဟာ စစ်ဘေးရှောင်တွေနည်းတူ အခက်အခဲနဲ့ ရင်ဆိုင်နေရတယ်လို့လည်း သိရပါတယ်။

ကလေးမိဘတွေအနေနဲ့လည်း စားဝတ်နေရေးအတွက် ရုန်းကန်နေရတာကြောင့် ကလေးအချင်းချင်းကပဲ ပြန်လည်ထိန်းကျောင်းပေးနေရတယ်လို့ သိရပါတယ်။

လက်ရှိမှာ စစ်တွေမြို့အပါအဝင် မြို့ ၃ မြို့ပဲ ကျန်တာကြောင့် စစ်ကောင်စီဘက်က လေကြောင်းနဲ့ ဗုံးကြဲမယ့် အခြေအနေနဲ့ ပစ်ခတ်မှုတို့ကို စိုးရိမ်ကြောက်လန့်စွာ နေထိုင်နေရတယ်လို့ စစ်တွေဒေသခံတစ်ဦးက ပြောပါတယ်။

“လူတွေ နေရထိုင်ရတာ ကြောက်လန့်မှုတွေနဲ့ နေရတာပေါ့။ ကျောက်တော်ဖြစ်သွားတာမှာ ဆိုးဆိုးဝါးဝါး ဖြစ်သွားတယ်။ ဘာလို့တွေးပူတာလဲဆိုတော့ အနီးအနားမှာ ဖြစ်သွားခဲ့တယ်ဆိုရင် ကိုယ်တွေ လွတ်မယ့်နေရာကို ပြားပြားဝပ်ရင်လည်း ဝပ်ရ မယ်လေ။ ထွက်တော့ ပြေးလို့မရတော့ဘူး ပြားပြားဝပ်လို့ပဲ ရတော့မယ်။ ဖြစ်တဲ့ အသံကြားရင် ကလေးတွေဆိုလည်း မထွက်နဲ့ အဲဒီလိုတော့ ပြောရတာပေ့ါ။ ဖြစ်သွားခဲ့ရင် ကိုယ့်ဘာသာကိုယ်ပဲ ကာကွယ်ရမှာ။ ပစ်ရင်က ရှောင်ဖို့က လွယ်သလို လေယာဥ်ပျံနဲ့ချလာရင် ဘယ်နားချမယ်မှန်း မသိတော့ ပြေးဖို့မလွယ်ဘူးလေ။ ရှောင်ဖို့လည်း မလွယ်ဘူးလေ” လို့ အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

စစ်ကောင်စီဟာ ဒီရက်ပိုင်းမှာ ရက္ခိုင်ကို လေကြောင်းနဲ့ ဗုံးကြဲမှုတွေ ပိုမိုပြုလုပ်လာနေပါတယ်။

ဇန်နဝါရီလ ၁၁ရက် မနက်ပိုင်းက ရက္ခိုင်ပြည် ကျောက်တော်မြို့နယ်ကို စစ်ကောင်စီက လေကြောင်းအသုံးပြုပြီး ဗုံးကြဲတိုက်ခိုက်ခဲ့တယ်လို့ အာရက္ခတပ်တော်ရဲ့ သတင်းနဲ့ပြန်ကြားရေးက သတင်းထုတ်ပြန်ထားပါတယ်။

# စစ်တွေမှာ ကြံ့ဖွံ့ပါတီက လူမိုက်ငှားနေ

စစ်ကောင်စီထိန်းချုပ်ထားတဲ့ ရက္ခိုင်ပြည်ရဲ့ မြို့တော် စစ်တွေမြို့မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ပိုက်ဆံပေးပြီး လူမိုက်တွေ ငှားနေတယ်လို့ စစ်တွေဒေသခံတွေက အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

စစ်တွေဒေသခံတွေကို ရွေးကောက်ပွဲမဲဆွယ်ရာမှာ လုံခြုံရေးယူပေးဖို့ နဲ့

ဖော်ပြပါသတင်းကို
စာမျက်နှာ (၈) တွင်ဖတ်ရန်။

အင်အားပြတဲ့အနေနဲ့ လစာပေးပြီး ခိုင်းတယ်ဆိုပေမယ့် ပါတီဝင်အဖြစ် ဝင်ရမယ်ဆိုပြီးတော့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။



စစ်တွေဒေသခံတွေဟာ စားဝတ်နေရေးအတွက် ကြံ့ခိုင်ရေးပါတီမှာ လုံခြုံရေး လုပ်ချင်ပေမယ့်လည်း ပါတီထဲကို ဝင်ရမယ်ဆိုတာကြောင့် မလုပ်ကြဘူးလို့ စစ်တွေဒေသခံတစ်ယောက်က အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

"စစ်တွေက ကြံ့ခိုင်ရေးရုံးမှာ လူမိုက်ငှားတယ်တဲ့။ ယောကျာ်းလေးတွေပေါ့နော်။ လစာတော့ သိပ်မပေးပါဘူး။ အစိုးရဝန်ထမ်းတွေလောက် တစ်သိန်းကျော်လောက်ပဲ ရတယ်။ ဒါပေမယ့် ရွေးကောက်ပွဲ ဖြစ်တဲ့အချိန်မှာ အဲဒီယောကျာ်းတွေက အင်အားပြရမှာပေါ့။ လုံခြုံရေး ယူတာပေါ့။ ပြည်သူ့စစ်လိုမျိုး ယောကျာ်းတွေ ငှားပြီးတော့ ဗလကောင်းတဲ့သူတို့၊ အဲဒီလိုလူမျိုးတွေကို ငှားပါရော။ အဲဒီလိုမျိုး လစာနဲ့ငှား။ အဲဒါကလည်း သူတို့ပါတီ ဝင်ရမယ်တဲ့။ ဆိုတော့ ပါတီဝင်ရတယ်ဆိုတာနဲ့ပဲ မလုပ်ကြတော့ဘူး။ အဲဒါကြောင့် မလုပ်ဘူးလေ" လို့ ပြောပါတယ်။

စစ်တွေမြို့မှာရှိတဲ့ အစိုးရဝန်ထမ်းတချို့ကလည်း ကြားပေါက်ဝင်ငွေရဖို့အတွက် ကြံ့ခိုင်ရေးပါတီမှာ လစာနဲ့ လုံခြုံရေးလုပ်ပြီး ပါတီထဲကို ဝင်တာတွေလည်း ရှိပေမယ့် တချို့ကတော့ ပါတီထဲကို ဝင်ရမှာဖြစ်တာကြောင့် မလုပ်ကြတာတွေလည်း ရှိပါတယ်။

လက်ရှိမှာ စစ်တွေမြို့က လျှပ်စစ်မီး မရတာကြောင့် လျှပ်စစ်ဝန်ထမ်းတွေက တခြားအလုပ်တွေကို ရှာပြီး လုပ်တာ များတယ်လို့လည်း သိရပါတယ်။

ကြံ့ခိုင်ရေးရုံးမှာ လုံခြုံရေးလျှောက်ပေမယ့် ပါတီထဲကိုဝင်ရတာကြောင့် မလျှောက်ဘဲ ပြန်လာကြတယ်လို့ စစ်တွေဒေသခံတစ်ယောက်က ပြောပါတယ်။

"အခု ဝန်ထမ်းတွေ ရှိတယ်လေ။ အန်တီတို့ EPC ဝန်ထမ်းတွေ ရှိတယ်။ ရုံးမှာ လုပ်နေတာ။ သူတို့က မီးမလာပေမယ့် အန်တီတို့မှာ မီးမရဘူးမလား၊ မီးကြိုးတွေလည်း မရှိဘူးဆိုတော့ သူတို့အလုပ်က မရှိဘူး။ ဒါပေမယ့် သူတို့ လစာနဲ့ ရတယ်ပေါ့နော်။ ဆိုတော့ ဝန်ထမ်းတစ်ယောက်က အဲဒီလစာနဲ့ ဘယ်သူမှ ထမင်းစားနေတာ မဟုတ်ဘူးလေ။ အဓိကက အောက်ဆိုက်နဲ့ပဲ စားနေကြတာ။ ဆိုတော့ ဒီအလုပ်မရှိတော့ လွတ်လွတ်လပ်လပ် လုပ်လို့ရမယ့်အလုပ်ကို လိုက်ရှာတာပေါ့လေ။ လိုက်ရှာတော့ အဲဒီလိုမျိုး တွေ့ရတယ်။ ဒါပေမယ့် ဒီအလုပ်က ပါတီနိုင်ငံရေး ဝင်ရမယ်ဆိုတော့ မလုပ်ကြဘူး။ မလျှောက်ကြဘူး။ ပြန်လာကြတယ်" လို့ အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

စစ်ကောင်စီက ကျင်းပဖို့ ပြင်နေတဲ့ လာမယ့် ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ရက္ခိုင်ပြည်အတွင်းက ပါတီတွေ ငြိမ်နေပေမယ့်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက စစ်တွေမြို့မှာ ပါတီဝင်တွေနဲ့ တွေ့ဆုံဆွေးနွေးတာတွေ ပြုလုပ်ပြီး ပါတီအင်အားကို ဖြည့်နေတယ်လို့ သိရပါတယ်။

# မြောက်ဦးက စစ်သုံးပန်းတွေထားတဲ့နေရာ ဗုံးကြဲတိုက်ခိုက်မှု ၂၈ ဦးသေ ၂၅ ဦးဒဏ်ရာရ

Coastal News Agency၊ ဇန်နဝါရီ၊ ၁၉။




မြောက်ဦးမြို့၊ရမ်းချောင်းအနီးတဝိုက်က စစ်သုံးပန်းတွေထားတဲ့ နေရာကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်ခဲ့တာကြောင့် ကလေးငယ် နဲ့ အမျိုးသမီး ၂၈ ဦး သေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိခဲ့တယ်လို့ အာရက္ခတပ်တော်က သတင်းထုတ်ပြန်လာပါတယ်။

စစ်ကောင်စီဟာ အဲဒီစစ်သုံးပန်းတွေထားတဲ့ ရမ်းချောင်းအနီးတဝိုက်က နေရာတွေကို ဇန်နဝါရီလ ၁၈ ရက်နေ့ ညနေ (၄) နာရီ (၄၅) မိနစ်က တစ်ကြိမ်၊ (၄) နာရီ (၄၆) မိနစ်မှာ တစ်ကြိမ် နဲ့ (၄) နာရီ (၄၇) မိနစ်မှာ တစ်ကြိမ် (၃) ကြိမ်တိုင်တိုင် ဗုံးကြဲတိုက်ခိုက်ခဲ့တာလည်း ဖြစ်ပါတယ်။ သေဆုံးသူတွေထဲမှာအသက် မပြည့်သေးတဲ့ ကလေးငယ် ၉ ဦး နဲ့ အမျိုးသမီး ၁၉ ဦး ပါဝင်တာကိုလည်း အာရက္ခတပ်တော် ရဲ့ထုတ်ပြန်ချက်စာရင်းအရ သိရပါတယ်။

ဒဏ်ရာ ရတဲ့ သူ ၂၅ ဦးထဲမှာလည်း အသက်မပြည့်သေးတဲ့ကလေးငယ် အမျိုးသမီး ၅ဦး နဲ့ သက်မပြည့်သေးတဲ့ ကလေးငယ်အမျိုးသား ၈ ဦးနဲ့ အမျိုးသမီး ၁၂ဦးပါဝင်တာကိုလည်း တွေ့ရပါတယ်။

ဒီဒဏ်ရာရထားတဲ့ သူ ၂၅ ဦးကိုတော့ အာရက္ခတပ်တော်ကအရေးပေါ် ဆေးကုသပေးတာတွေကိုလုပ်ဆောင်ပေးနေတာတွေ ရှိပြီး ဒဏ်ရာပြင်းထန်သူတချို့မှာလည်း နောက်ထပ်သေဆုံးနိုင်တဲ့ အခြေအနေမှာ ရှိနေတယ်လို့ ဆိုထားပါတယ်။

ဒ့ါအပြင် လက်ရှိ ဗုံးကြဲတိုက်ခိုက်ခံရပြီး သေဆုံး၊ဒဏ်ရာရတဲ့ စစ်သုံးပန်းတွေဟာ အာရက္ခဒေသ စစ်ပွဲများအတွင်း ဖမ်းဆီးရမိထားတဲ့ စစ်ကောင်စီရဲ့ တပ်မိသားစုဝင်တွေဖြစ်ကြပြီးတော့ မကြာမီအချိန်ကာလတစ်ခုမှာ အာရက္ခတပ်တော်က ပြန်လွှတ်ပေးဖို့အတွက် ယာယီထိန်းသိမ်းထားသူတွေဖြစ်တယ်လို့ဆိုပါတယ်။

နိုင်ငံတစ်ဝန်း စစ်ရှုံးနေတဲ့ အကြမ်းဖက် စစ်ကောင်စီဟာ စစ်ရေးအရှုံးနဲ့ ဆက်တိုက်ရင်ဆိုင်လာရတာ နဲ့အတူ စစ်ရေးပစ်မှတ်တွေ မဟုတ်တဲ့ အရပ်သားပြည်သူ နေထိုင်ရာနေရာတွေ ဖြစ်တဲ့ စာသင်ကျောင်း၊ ဆေးရုံဆေးခန်း၊ ဈေး၊ ဘာသာရေးအဆောက်အုံ၊ လမ်းတံတား၊ စစ်ဘေးရှောင်စခန်းနဲ့ လူနေထူထပ်တဲ့နေရာ

တွေကို ပစ်မှတ်ထားကာ တရားလက်လွတ် ပြုလုပ်နေပြီး စစ်ရာဇဝတ်မှုများကို နေ့စဉ်နှင့်အမျှ ကျူးလွန်တာတွေ ရှိနေတယ်လို့လည်း အာရက္ခတပ်တော်က ဆိုပါတယ်။

စစ်ကောင်စီဟာ ၂၀၂၅ ခုနှစ် အစောပိုင်းကာလက စပြီးတော့ ဒီလိုအကြမ်းဖက်တိုက်မှုတွေကို ခပ်စိပ်စိပ်ပိုမိုပြုလုပ်လာတဲ့အတွက် လေကြောင်းရန်နဲ့ လေကြောင်း အန္တရာယ်ကို အရင်ကထက် ပိုမိုသတိထားဖို့ လိုအပ်လာတယ်လို့လည်း အာရက္ခတပ်တော်က သတိပေးထားပါတယ်။

အဲဒါတွေအပြင် အင်တာနက်၊ ဖုန်းသုံးစွဲမှုတွေကိုလည်း သတိထားသုံးစွဲကြဖို့အတွက်ကိုပါ အာရက္ခတပ်တော်က သတိပေးတိုက်တွန်းထားတာကိုလည်း တွေ့ရပါတယ်။

# ရဲကို ဒီလပ် လို့ AA ပြောင်းသုံး

Arakha Times

ရက္ခိုင်ပြည်ရှိ လွတ်မြောက်နယ်မြေများတွင် အာရက္ခတပ်တော်က ရဲ ဆိုတဲ့ အသုံးအနှုန်းအစား ဒီလပ် (DLEPS) လို ပြောင်းလဲလိုက်တယ်လို ဒေသခံတွေ ဆိုပါတယ်။

အဆိုပါ ဒီလပ် (DLEPS) ရဲ့ စာလုံးအရှည်ဟာ Department of Law Enforcement and Public Security ဖြစ်ပြီး အာရက္ခပြည်သူ့လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဌာန ဖြစ်တယ် လို သိရပါတယ်။

"ရက္ခိုင်ပြည်မှာ ရဲသားကို "ဒီလပ်" ( DLEPS ) လို့ ခေါ်ရေ။ ရဲလို့ မသုံး။ အရှည်က " (Department of Law Enforcement and Public Security- DLEPS) - ရက္ခပြည်သူ့လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဌာန " မှတ်ထား "ဒီလပ်" လို့ ခေါ်ကတ်ပါ။" စာရေးဆရာ ဝေဟင်အောင်က သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားပါတယ်။

စစ်ကောင်စီသုံးနှုန်းခဲ့တဲ့ ရဲ အမည်ကို ဖျက်သိမ်းကာ ပြည်သူများအား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝန်ဆောင်မှုပေးသော ဌာနကို ဒီလပ်ဌာန/DLEPS ၊ ဝန်ဆောင်မှုပေးသူများကို ဒီလပ် လို ပြောင်းလဲလိုက်တယ်လို သိရပါတယ်။






# ရက္ခိုင်က ကိုယ်ဝန်ဆောင်တွေ စားနပ်ရိက္ခာနဲ့ ဆေးဝါး မလုံလောက်မှုကြောင့် ပူပန်နေရ



**Arakha Times ၊ ဇန်နဝါရီ ၊ ၂၇။**

ရက္ခိုင်ပြည် လွတ်မြောက်နယ်မြေတွေက ကိုယ်ဝန်ဆောင်တွေဟာ စားနပ်ရိက္ခာနဲ့ ဆေးဝါးမလုံလောက်မှုတွေကြောင့် စိုးရိမ်ပူပန်နေကြရတယ်လို့ အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

မိမိတို့ ကိုယ်ဝန်ဆောင်မိခင်တွေအနေနဲ့ ကလေးမီးဖွားဖို့ အတွက်သာမက စားဝတ်နေရေးအတွက်ပါ ပူပန်နေရတယ်လို့ ရက္ခိုင်ပြည်လွတ်မြောက်နယ်မြေတွေက ကိုယ်ဝန်ဆောင်မိခင်တစ်ဦးက ပြောပါတယ်။

“ကျမတို့က လိုအပ်ချက်ကတော့ အရာရာကိုတော့ မျှော်လင့်ချက်ထားတာ မဟုတ်ပါ။ ဆန်တစ်ခုကို ရရင်တော့ ကျမတို့က ကျေနပ်ပါတယ် စားဖို့သောက်ဖို့ က အဆင်မပြေ အခုလည်း ထမင်းလည်း မချက်ရသေးပါဘူး ညကလည်း ထမင်းလည်း မစားရ စားရတာကလည်း ချက်တဲ့လူလာပေးလို့တော့ စားရပါတယ် နို့ကတော့ တအား ကြီးမထွက်သေးပါ နို့မှုန့် ကူရသေးတယ်” လို့ ပြောပါတယ်။

ရက္ခိုင်ပြည်မှာတော့ အာရက္ခတပ်တော် နဲ့ စစ်ကောင်စီအကြား တစ်ကျော့ပြန်တိုက်ပွဲဟာ ၂၀၂၃ နိုဝင်ဘာ ၁၃ ရက်က ပြန်လည်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဟာ တိုက်ပွဲစတင်ဖြစ်ပွားကတည်းက စားနပ်ရိက္ခာနဲ့ ဆေးဝါးတွေကို တင်းသွင်းခွင့် ပိတ်ဆို့ထားခဲ့ပါတယ်။

ဒါကြောင့် ဆေးဝါး၊ ကုန်စည်ပြတ်လပ်မှုနှင့်အတူ ကိုယ်ဝန်ဆောင်မိခင် ရာနဲ့ချီမှာ ကလေးမီးဖွားဖို့ အခက်အခဲတွေနဲ့ ကြုံတွေ့နေရတယ်လို့ ဆိုပါတယ်။

ကိုယ်ဝန်ဆောင် မိခင်တွေဟာ အားတိုးဆေးမသောက်ရတာတွေနဲ့ အာဟာရပြည့်ပြည့်ဝဝ မစားသောက်ရတာတွေကြောင့် ကလေးမွေးဖွားဖို့ အခက်အခဲတွေရှိနေတယ်လို့ လေးဝတီ(သံတွဲ)စစ်ဘေးရှောင်များ ကူညီထောက်ပံ့ရေးအဖွဲ့မှ ကိုဖြိုးမောင်က အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

“ကိုယ်ဝန်ဆောင်တွေမှာ ကိုယ်ဝန်အားတိုးဆေး မသောက်ရတာတွေ အာဟာရပြည့်ပြည့်ဝဝ မစားသောက်ရတာတွေ ကြောင့်မို့လို့ ကလေးမွေးဖွားတဲ့ခါမျိုးတွေမှာ အခက်အခဲတွေ ရှိကြပါတယ်။ ကိုယ်ဝန်ဆောင်တွေ အတွက်အဓိက လိုအပ်ချက်ကတော့ စားနပ်ရိက္ခာနဲ့ ဆေးဝါး ပဲဖြစ်ပါတယ်။ ကျနော်တို့ အနေနဲ့ကတော့ စားနပ်ရိက္ခာနဲ့ ဆေးဝါးကို လုံလုံလောက်လောက် မထောက်ပံ့ပေးနိုင်တဲ့ အတွက် စိတ်မကောင်းဖြစ်ရပါတယ်” လို့ ပြောပါတယ်။

လေးဝတီသံတွဲစစ်ဘေးရှောင်များကူညီထောက်ပံ့ရေးအဖွဲ့အနေနဲ့ ကိုယ်ဝန်ဆောင် တစ်ဦးကို လစဉ်ငါးသောင်းကျပ် ထောက်ပံ့ ပေးနေတယ်လို့ ကိုဖြိုးမောင်က ပြောပါတယ်။

အလားတူ ၂၀၂၄ ခုနှစ် နိုဝင်ဘာလကလည်း ရက္ခိုင်ပြည်ရှိ ကလေးမီးဖွားပြီးတဲ့ မိခင်တွေဟာ အာဟာရချို့တဲ့မှုဒဏ်ကြောင့် နို့မထွက်နိုင်တဲ့အတွက် လသားအရွယ်ကလေးတွေကို နို့ဆီပဲ ဖျော်တိုက်နေရတာလည်း ရှိခဲ့ပါတယ်။

လက်ရှိ သံတွဲမြို့က တိုက်ပွဲရှောင် ၆ သောင်းကျော်မှာ ကိုယ်ဝန်ဆောင်သည်တွေကလည်း ရာနဲ့ချီရှိနေပြီး စားနပ်ရိက္ခာနဲ့ဆေးဝါးအပြင်ဆောင်းရာသီဖြစ်တဲ့အ တွက် စောင် နဲ့ အနွေးထည်တွေ လိုအပ်နေတယ်လို့လည်း သိရပါတယ်။

ကလေးမွေးဖွားဖို့ ကြိုတင်ပြင်ဆင်နေပေမယ့် အဆင်မပြေမှု တွေရှိနေတာကြောင့်ကြုံရာကျပန်း မွေးဖွားဖို့စဉ်းစားထားတယ်လို့ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးက အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

“အဓိက လိုအပ်ချက်ကတော့ ဆန်၊ စားနပ်ရိက္ခာလေးတွေ ပြီးတော့ စောင့်တွေ အနွေးထည်လေးတွေက အဓိက လိုအပ်မှု ရှိနေပါတယ်။ ဆောင်းရာသီဆိုတော့ဆေးဝါးလည်း အဓိက လို အပ် နေပါတယ်။ကလေးတွေလည်းမကျန်း မမာရေးနဲ့ ပတ်သက်လာရင် ဆေး တစ်လုံး မြိုဖို့ကလည်း အဆင်မပြေကြပါ။ ဆေးဝါးတွေက အဓိက လိုအပ်နေပါတယ်။ ကလေးမွေးဖို့အတွက်ကြိုတင်ပြင် ဆင်မှုကတော့ အဆင်မပြေတဲ့အခါကြတော့ ဒီလိုပဲ ကြုံရာကျပန်း အဲဒီလိုပဲ တွေးထားပါတယ်။ ကြိုတင်စီစဉ်ထားတာမျိုးတော့ မရှိပါဘူး” လို့ ပြောပါတယ်။

လက်ရှိရက္ခိုင်ပြည်အတွင်းက တိုက်ပွဲရှောင်ကိုယ်ဝန်ဆောင်အများစုဟာ ဆေးရုံ၊ ဆေးခန်း လိုအပ်ချက်တွေကြောင့် လက်သည်တွေနဲ့ပဲ အဓိကထားမွေးဖွားနေရတယ်လို့ သိရပါတယ်။

အာရက္ခတပ်တော်က စတင်ခဲ့တဲ့ ၁၀၂၇ စစ်ဆင်ရေးအတွင်း ရက္ခိုင်ပြည်က မြို့နယ်၁၇မြို့နယ်အနက် ၁၄ မြို့နယ်ကိုသိမ်းပိုက်ထားပါတယ်။

တဖက်မှာလည်း စစ်ကောင်စီဟာ ရက္ခိုင်ပြည်ကို ကုန်း၊ ရေ၊ လမ်းကြောင်းအားလုံးကို ပိတ်ဆို့ထား တာကြောင့် တိုက်ပွဲရှောင်ပြည်သူတွေ ဆေးဝါး စားသောက်ကုန် အခက်အခဲ တွေရှိနေတယ်လို့ ဒေသခံတွေက ပြောပါတယ်။

# ဘူးသီးတောင် နဲ့ မောင်တောမြို့တွေမှာ ARSA လှုပ်ရှားမှု ပိုများပြား လာနေ

Coastal News Agency ၊ ဇန်နဝါရီ ၊ ၁၃ ။
သတင်း ၊ လင်းလင်း။

အာရက္ခတပ်တော်ရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေတဲ့ ဘူးသီးတောင် နဲ့ မောင်တောမြို့နယ်တွေမှာ အစ္စလာမ်မစ် အစွန်းရောက် စစ်သွေးကြွ လက်နက်ကိုင်တပ်ဖွဲ့တွေဖြစ်ကြတဲ့ ARSA အဖွဲ့တွေရဲ့ လှုပ်ရှားမှုတွေဟာ ပိုမိုများပြားလာနေတယ်လို့ ဒေသခံတွေဆီက သိရပါတယ်။



အစ္စလာမ်မစ်အစွန်းရောက်စစ်သွေးကြွ လက်နက်ကိုင်တပ်ဖွဲ့တွေ ဖြစ်ကြတဲ့ ARSA ၊RSO ၊ ARA အဖွဲ့တွေဟာ ဘင်္ဂလားဒေ့ရှ်နယ်စပ်မောင်တောနဲ့ ဘူးသီးတောင်မြို့တွေရဲ့ မေယုတောင်ကြောလျှောက်ကိုခြေကုတ်ယူပြီးတော့ ဒေသအတွင်းကပြည်သူတွေကို အကြမ်းဖက်လုပ်ရပ်တွေကို ဒီနှောက်ပိုင်းပိုမိုလုပ်ဆောင်လာနေတာကိုတွေ့နေရတယ်လို့ မောင်တောဒေသခံတစ်ဦးက ပြောပါတယ်။

“အခုကဘူးသီးတောင်နဲ့ မောင်တောမှာ ARSA တွေ လှုပ်ရှားမှုကပိုပြီးတော့ များလာတယ်။ မေယုတောင်ကြောတစ်လျှောက်မှာလည်း ပစ်ခတ်သံတွေ ခဏခဏ ကြားနေရတယ်။ မောင်တောမှာဆိုရင် တောင်ပြိုဖက်မှာပိုများတယ် ပြည်သူတွေကို ဦးတည်တိုက်ခိုက်တာကို မကြာမကြာလုပ်တယ်” လို့ သူကပြောပါတယ်။

ဒီလို အစ္စလာမ်မစ် အစွန်းရောက် စစ်သွေးကြွလက်နက်ကိုင်တပ်ဖွဲ့တွေ လှုပ်ရှားမှု ပိုများလာတာကြောင့် မောင်တော နဲ့ ဘူးသီးတောင်မြို့နယ်တွေ မှာရှိနေတဲ့ ဒေသခံပြည်သူတွေရဲ့ အသက်အိုးအိမ်လုံခြုံ မှုဟာ စိုးရိမ်ရတဲ့ အခြေ အနေမှာ ဖြစ်လာနေတယ်လို့လည်းဒေသခံ တွေက ဆိုကြပါတယ်။

အာရက္ခတပ်တော် အနေနဲ့လည်း ဘူးသီးတောင် နဲ့ မောင်တော မြို့ တွေကို လုံခြုံရေး တိုးမြှင့်ဆောင်ရွက်တာတွေကို ဆက်တိုက်လုပ်ဆောင်ထားပေမယ့်အဲဒီကြားက နေပြီးတော့ အစ္စလာမ်မစ် အစွန်းရောက် စစ်သွေးကြွလက်နက် ကိုင် တပ်ဖွဲ့တွေဖြစ်ကြတဲ့ ARSA အဖွဲ့တွေ ရဲ့ တိုက်ခိုက်တာတွေကို ဒေသခံပြည်သူတွေ အနေ နဲ့ ဆက်တိုက်ခံလာနေကြရတာ ဖြစ်ပါတယ်။

“လုံခြုံရေး တိုးမြှင့်ဆောင်ရွက်တာတွေတော့ရှိတယ်။ ဒါပေမယ့် အဲဒီကြားက ARSAတွေက ပြည်သူတွေကို တိုက်ခိုက် တာတွေကိုတော့ ဆက်တိုက် လုပ်တာတွေတော့ ရှိတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းတွေကလည်း ဈေးဝယ်တဲ့ ပြည်သူ ကားတွေကို တိုက်ခိုက်တာကို လုပ်ခံရတယ်။ တပ်တော်ကို ပြောချင်တာကတော့ ကျနော်တို့ပြည်သူတွေ လုံခြုံမှုရှိအောင် ဒီအကြမ်းဖက် အဖွဲ့တွေကို နှိမ်နင်းဖို့တောင်းဆိုချင်တယ်လို့” ဘူးသီးတောင်မြို့ခံတစ်ဦးက တောင်းဆိုပါတယ်။

# ရက္ခိုင်မှာ ယာဉ်အန္တရာယ်ကင်းရှင်းရေး တွက် အာရက္ခတပ်တော် လုပ်ဆောင်

အာရက္ခတပ်တော် (AA) ထိန်းချုပ်ဒေသအတွင်းရှိ မြို့ရွာတွေမှာ ပြည်သူတွေ ယာဉ်အန္တရာယ် ကင်းရှင်းရေး အတွက် အာရက္ခတပ်တော်မှ အမျိုးသမီးစစ်မေတွေဟာ အချိန်ပြည့်တာဝန်ယူဆောင်ရွက်နေတယ်လို့ သိရပါတယ်။

အာရက္ခတပ်တော် သိမ်းပိုက်ထားတဲ့ မြို့ရွာတွေကို ပြည်သူလူထုတွေ ပြန်လည်ဝင်ရောက်ချိန် အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရက ယာဉ်အန္တရာယ်ကင်းဝေးစေဖို့ တစိုက်မတ်မတ်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ ပြည်သူလူထုတွေအနေနဲ့ ဆိုင်ကယ်စီးနင်းချိန် ဆိုင်ကယ်ဦးထုတ်ဆောင်းထားဖို့၊ မေ့သိုင်းကြိုးတပ်ဖို့ နဲ့ ဆိုင်ကယ်တစ်စီးကို လူ ၂ ဦးထက် ပိုမစီးဖို့ စည်းကမ်းချမှတ်ထားပြီး အဆိုပါ စည်းကမ်းတွေကို ချိုးဖောက်ပါက အပြစ်ပေးသွားမယ်လို့ သိရပါတယ်။

အလားတူ ယာဉ်စည်းကမ်း တွေလိုက်နာဖို့ စည်းကမ်းချက် ဆိုင်းဘုတ်တွေကို လမ်းဆုံလမ်းခွ၊ အဝေးပြေးလမ်းတွေမှာ သတိပေးနိုးဆော်ထားကြောင်း ဆိုပါတယ်။




အာရက္ခတပ်တော်ဟာ ရက္ခိုင်ပြည်အတွင်းက မြို့နယ် ၁၄ မြို့နယ်ကို သိမ်းပိုက်ထိန်းချုပ်ထားပြီး အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး တွေကို ဆောင်ရွက်နေတယ်လို့ ဒေသခံတွေထံက သိရပါတယ်။

# အမ်းဘက်က ထွက်ပြေးလာတဲ့ စစ်ကောင်စီတပ်သား ၁၁ ဦးကို CDF – Asho ဖမ်းဆီးရမိ



Coastal News Agency ၊ ဇန်နဝါရီ ၊ ၅ ။

ရက္ခိုင်ပြည်၊အမ်းမြို့ဘက်က နေထွက်ပြေးလာတဲ့ စစ်ကောင် စီတပ်သား ၁၁ ဦးကို လက်နက်တွေ နဲ့အတူ စစ်သုံ့ပန်းအဖြစ်ဖမ်းဆီးရမိခဲ့တယ်လို့ ချင်းကာကွယ်ရေးတပ် အရှို – CDF Asho ကသတင်းထုတ်ပြန်လာပါတယ်။

အမ်းမြို့ဘက်က ထွက်ပြေးလာတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ ကို CDF Ashoကပိတ်ဆို့တားဆီး နေတာဖြစ်ပြီး ဇန်နဝါရီလ ၃ ရက် နေ့ နဲ့ ၄ ရက်နေ့ တွေမှာစစ်ကောင်စီတပ်ဖွဲ့ဝင် ၁၁ဦးကို ဖမ်းဆီးရမိခဲ့တာလို့ဆိုပါတယ်။

အဲဒီစစ်ကောင်စီတပ်သားတွေဟာ အမ်းမြို့နယ်၊ ဆင်ခုံတိုင်ကျေးရွာ နဲ့ တောင်စောက်ကျေး အနီးကစခန်း တွေကထွက်ပြေးလာတာဖြစ်ပြီး လက်နက်ငယ် ၉ လက်၊ခဲယမ်း နဲ့ စစ်အသုံးအဆောင်ပစ္စည်းတွေပါ သိမ်းဆည်းရမိခဲ့တယ်လို့ CDF Asho ကထုတ်ပြန်ထားပါတယ်။

ဒါ့အပြင် ဇန်နဝါရီ ၃ ရက်မနက် ၇ နာရီ ဝန်းကျင်လောက် မှာ မကွေးတိုင်း ငဖဲမြို့နယ်မှာရှိတဲ့ အမှတ် ၁၄ ကာကွယ်ရေးစက်ရုံ ကနေ စေတုတ္တရာမြို့နယ်ဘက် ကို ပဒါန်း – ငဖဲ – စေတုတ္တရာကား လမ်းအတိုင်း ထွက်ခွါလာတဲ့အင် အား ၅၀ခန့်ပါတဲ့ စစ်ကောင်စီ တပ်ဖွဲ့ဝင်တွေ နဲ့တိုက်ပွဲဖြစ်ပွါးခဲ့ သေးတယ်လို့ဆိုထားပါတယ်။

ငဖဲမြို့နယ်၊ ညောင်ကိုင်းကျေး ရွာအနီးမှာအင်အား ၅၀ ခန့်ပါ စစ်ကား ၂စီးကို မင်းဘူးခရိုင်အ မှတ် (၈) တပ်ရင်း၊ငဖဲမြို့နယ်ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပ.က.ဖ) တို့နဲ့ အတူပူးပေါင်းပြီးတိုက်ခိုက်ခဲ့တာလို့လည်း CDF Asho ကထုတ်ပြန်ပြောဆိုထားပါတယ်။

နှစ်ဖက်တိုက်ပွဲ မိနစ် ၂၀ ခန့်ဖြစ်ပွါးပြီးချိန်မှာတော့ စစ်ကောင်စီဘက် က ၁ ဦး သေဆုံးပြီး ၆ ဦးဒဏ်ရာရရှိခဲ့တယ်လို့လည်းထုတ်ပြန်ပြောဆိုထားပါတယ်။

# ငဖဲမှာ ဆိုင်ကယ်နဲ့ ကင်းလှည့်လာတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ တိုက်ခိုက်ခံရလို့ ၃ဦး သေဆုံး



Coastal News Agency၊ ဇန်နဝါရီ ၊ ၆။

မကွေးတိုင်း၊ ငဖဲမြို့နယ် မှာဆိုင်ကယ်နဲ့ ကင်းလှည့် ထွက်လာတဲ့စစ်ကောင်စီ တပ်ဖွဲ့ဝင်တွေတိုက်ခိုက်ခံရလို့ ၃ ဦးသေဆုံးခဲ့တယ်လို့ PRA – Magway ကသတင်းထုတ်ပြန်လာပါတယ်။

မကွေးတိုင်း၊ ငဖဲမြို့နယ် မှာဆိုင်ကယ်နဲ့ ကင်းလှည့် ထွက်လာတဲ့စစ်ကောင်စီတပ်ဖွဲ့ဝင်တွေတိုက်ခိုက်ခံရလို့ ၃ ဦး သေဆုံးခဲ့တယ်လို့ PRA – Magway က သတင်းထုတ်ပြန်လာပါတယ်။
ပြီးခဲ့တဲ့ဇန်နဝါရီ ၃ ရက်နေ့တုန်းကငဖဲမြို့နယ်၊ မျှော်စင်ရွာရဲ့ အနောက်ဘက်မှာရှိတဲ့ နတ်ရေကန် လေကြောင်းကာကွယ်ရေး ရေဒါစခန်း ကနေကင်းလှည့်ထွက်လာတဲ့ စစ်ကောင်စီ တပ်ဖွဲ့ဝင် ၆ ဦးကို PRG – Magway ခြုံခို တိုက်ခိုက်ခဲ့တာပါ။

တိုက်ပွဲ ၁၀ မိနစ် ခန့်ကြာအောင် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွါးခဲ့ပြီး နောက် စစ်ကောင်စီဘက်က ၃ ဦး သေဆုံးကာ ၁ ဦး ဒဏ်ရာရရှိခဲ့တယ် လို့လည်း PRG – Magway က ထုတ်ပြန်ပြောဆိုထားပါတယ်။

ဒါ့အပြင် စစ်ကောင်စီ တပ်ဖွဲ့ဝင်တွေဆီက M – 3 လက်နက်ငယ်အမျိုးအစား တစ်လက်ကိုလည်းသိမ်းဆည်းရမိခဲ့ပြီး PRG – Magway တပ်ဖွဲ့ဝင်တွေ အနေ နဲ့ အထိအခိုက်မရှိပဲပြန်လည်ဆုတ်ခွါနိုင်ခဲ့တယ်လို့လည်း ထုတ်ပြန်ပြောဆိုထားပါတယ်။

# လေကြောင်းတိုက်ခိုက်မှု ပိုမိုပြင်းထန်လာမယ့် ၂၀၂၅

Arakha Times၊ ဇန်နဝါရီ ၊ ၈။



၂၀၂၅ ခုနှစ်အတွင်း စစ်ကောင်စီ အနေနဲ့ တိုက်ပွဲဖြစ်ပွားနေတဲ့ နေရာဒေသတွေမှာ လေကြောင်း တိုက်ခိုက်မှုတွေ ပိုလုပ်လာနိုင်တယ်လို့ စစ်ရေးနဲ့နိုင်ငံရေးလေ့လာသူတွေက အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

စစ်ကောင်စီရဲ့ ကြည်းတပ်က အင်အားချိနဲ့နေပြီး ရေတပ်ဟာလည်း ရေကြောင်းရှိတဲ့ နေရာတွေမှာပဲ တိုက်ခိုက်လို့ရတဲ့ အနေအထားပဲ ရှိနေတဲ့အတွက်ကြောင့်လို့ သုံးသပ်ခဲ့ကြတာပါ။

လေကြောင်းတစ်ခုပဲရှိတဲ့ စစ်ကောင်စီဟာ ၂၀၂၅ ခုနှစ်မှာ လေကြောင်းတိုက်ခိုက်မှု ပိုမိုလုပ်လာနိုင်တာနဲ့ ပတ်သက်ပြီး မြန်မာ-တရုတ် အရေးလေ့လာသုံးသပ်သူ ဒေါက်တာလှကျော်ဇောက အခုလို ပြောခဲ့တာပါ။

“သူတို့မှာ အားကိုးစရာဆိုလို့ လေကြောင်းတိုက်ပွဲပဲ ရှိတာပဲ။ ဒါကို ကျမတို့က ဘယ်လိုသက်သာအောင် လုပ်မလဲပေ့ါ။ လူထုတွေခံသာအောင်၊ အဲဒီဟာပဲရှိမယ်။ လေကြောင်းတိုက်ခိုက်မှုတွေက ပိုပြင်းထန်လာမယ်။ တစ်အချက် ကျမကြည့်တာ စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု သူဒါပဲ အားကိုးစရာ ရှိတာ ဒါပဲပြင်းထန် လာမယ်။ နောက်တစ်ခုက ကျမတို့တော်လှန်ရေးတပ်ဖွဲ့ တွေကြားထဲမှာ အကွဲအပြဲတွေဖြစ်အောင် သူလုပ်လာနိုင်တယ်။ နောက်တစ်ခုက ပြည်သူလူထုတွေကြားမှာလည်း လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခတွေဖြစ်အောင် သူလုပ်လာနိုင်တယ်။ဒါစစ်တပ်က တောက်လျှောက်သူလုပ်လေ့လုပ်ထရှိတဲ့ နည်းလမ်းတွေပဲ။ အဲဒါတွေကို လုပ်လာကောင်းလုပ်လာနိုင်ပါတယ်” လို့ ပြောပါတယ်။

စစ်ကောင်စီကမှာယူထားတဲ့ နောက်ဆုံးကျန်ရှိတဲ့ တိုက်လေယာဉ် ၂ စင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့က လွှဲပေးလိုက်တာဖြစ်တယ်လို့ Army Recognition Group က ဇန်နဝါရီ ၆ ရက်မှာ ဖော်ပြခဲ့ပါတယ်။

ထုတ်ပြန်ချက်အရ စစ်ကောင်စီက မှာယူခဲ့တဲ့ ရုရှားနိုင်ငံထုတ် Su-30 SME တိုက်လေယာဉ် ၆ စင်းဟာ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့် တန်ဖိုးရှိတယ်လို့ သိရပါတယ်။

ဒီတိုက်လေယာဉ် ဝယ်ယူမှု သဘောတူညီချက်ကို ၂၀၁၈ ခုနှစ်က ရုရှားကာကွယ်ရေးဝန်ကြီး မြန်မာနိုင်ငံကို ရောက်ချိန်မှာ ပြုလုပ်ခဲ့ကြတာပါ။

တစ်ဖက်မှာလည်း လက်နက်ကိုင် အကြမ်းဖက် တောင်းဆိုမှုများ အပေါ် လိုက်လျော့ဖြေရှင်းပေးသွားမှာ မဟုတ်ဘူးလို့ အတိအလင်း ကြေညာထားပြီးဖြစ်တယ်လို့ စစ်ကောင်စီ ဥက္ကဋ္ဌက လွတ်လပ်ရေးနေ့ သဝဏ်လွှာမှာ ထည့်သွင်းပြောဆိုခဲ့ပါတယ်။

ဒ့ါအပြင် လက်နက်ကိုင် ပဋိပက္ခတွေနဲ့သဘောထားကွဲလွဲမှုတွေကို ဥပဒေနဲ့အညီ ထိန်းသိမ်းဆောင်ရွက် သွားကြဖို့ တိုက်တွန်းပြောဆိုထားကာ နိုင်ငံကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အဖွဲ့များအနေနဲ့ လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်တဲ့လမ်းစဉ်ကို စွန့်လွှတ် ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းဖို့ ကမ်းလှမ်းဖိတ်ခေါ် နေတယ်လို့လည်း သူက ဆိုပါတယ်။

လက်နက်စွန့်ဆိုတဲ့ စကားလုံး နဲ့ ပတ်သက်ပြီး နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးသန်းစိုးနိုင်က အခုလို ဆိုပါတယ်။

“လက်နက်စွန့်ဆိုတာ စကားလုံးအရသာမသုံးတာ တကယ်တမ်းက အလင်းဝင်ခိုင်းတာပေ့ါ။ ပြီးတော့ မှ ပါတီထောင် နိုင်ငံရေး ပါတီထောင် ရွေးကောက် ပွဲဝင် ဆိုတဲ့ကိစ္စက ဒါက ခါတ်ပြားဟောင်းကြီး ပေါက်တောင်ထွက်တော့မယ်။ ဒါကြောင့်မို့လို တကယ်တမ်းဆွေးနွေးခဲ့တဲ့ ဆွေးနွေးပွဲတွေက ဘယ်ဟာမှ မအောင်မြင်ဘူး။ ရှမ်းမြောက်က MNDAA နဲ့ဆွေးနွေးလိုက်တာလည်း ဆွေးနွေးပွဲ စစချင်းလားရှိုးက ပြန်ဆုတ်ပေးဖို့ ပြောတဲ့အခါကြတော့ ဆွေးနွေးပွဲပျက်သွားတာပေ့ါ။ ကျန်တဲ့ဟာတွေလည်း ဒီတိုင်းပဲဖြစ်မှာပါ။ ဒါကြောင့်မို့လို့ သူပြောနေတဲ့ နိုင်ငံရေးအရ တွေ့ဆိုဆွေးနွေးကြဖို့ဆိုတာ အဲဒီလောက်သူတို့သဘောကျပြီး နိုင်ငံရေးအရ ဖြေရှင်းတဲ့ နည်းလမ်းဖြစ်တယ်လို့ ထင်ရင်တော့ မှားသွားမှာပေ့ါ” လို့ ပြောပါတယ်။

# စစ်ရေး၊ နိုင်ငံရေး ရည်မှန်းချက်တွေ အလုံးစုံ အထမြောက်တဲ့အထိ အားထုတ်ဖို့ TNLA ကို MNDAA နဲ့ AA တိုက်တွန်း

Coastal News Agency ၊ ဇန်နဝါရီ၊ ၁၂။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး / တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်အနေနဲ့ စစ်ရေး၊ နိုင်ငံရေးရည်မှန်းချက်တွေကို အလုံးစုံ အထမြောက်တဲ့အထိ ကြိုးပမ်းအားထုတ်ဖို့ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်နဲ့ အာရက္ခတပ်တော်တို့က တိုက်တွန်းလာပါတယ်။

ဒီကနေ့ ဇန်နဝါရီ ၁၂ရက်နေ့မှာ ကျရောက်တဲ့ တအာင်းအမျိုးသားတော်လှန်ရေးနေ့ (၆၂) နှစ်ပြည့်နေ့အဖြစ် MND–AA နဲ့ AA တို့က ပေးပို့တဲ့သဝဏ်လွှာမှာ တိုက်တွန်းလိုက်တာပါ။

PSLF/TNLA ဟာ မြောက်ပိုင်းညီနောင်မဟာမိတ်တွေဖြစ်တဲ့ MNDAA၊ AA တို့နဲ့ လက်တွဲပြီး အဖွဲ့အစည်းရဲ့ စစ်ရေး၊ နိုင်ငံရေး ရည်မှန်းချက် တွေကို တစိုက်မတ်မတ် ကြိုးစားလာခဲ့တာကြောင့်၊ TNLA ရဲ့ စစ်ရေး၊ နိုင်ငံရေး ရည်မှန်းချက်တွေဟာ အတိုင်းအတာတစ်ခုအထိ အထမြောက်နိုင်ခဲ့ပြီလို့ သဝဏ်လွှာက ဆိုပါတယ်။

တအာင်းဒေသ ဒီထက် အေးချမ်းသာယာ၊ စည်ပင်၊ ဖွံ့ဖြိုးတိုးတက်တဲ့အထိ၊ စစ်ရေး၊ နိုင်ငံရေးရည်မှန်းချက်တွေ အလုံးစုံ အထမြောက်တဲ့အထိ



ဆက်လက်ကြိုးပမ်း အားထုတ်ဖို့ကိုလည်း ညီနောင်မဟာမိတ်စိတ်ဓာတ်အပြည့်နဲ့ တိုက်တွန်းတယ်လို့လည်း သဝဏ်လွှာမှာ ဖော်ပြထားပါတယ်။

အခြားတစ်ဖက်မှာလည်း ညီနောင်မဟာမိတ် (၃) ဖွဲ့အနေနဲ့ ဘုံရန်သူကို မိမိတို့ဒေသအသီးသီးကနေ တော်လှန်တိုက်ထုတ်ရာမှာ တစ်ဖွဲ့ရဲ့ လိုအပ်ချက်ကို တစ်ဖွဲ့က မဟာမိတ် စိတ်ဓာတ်အပြည့်နဲ့ ကူညီပံ့ပိုးပေးတာ၊ ဟန်ချက်ညီညီ နဲ့ ခက်ခက်ခဲခဲ၊ ဆင်းရဲပင်ပန်းကြီးစွာ ရဲဘော်ရဲဘက်စိတ်ဓာတ် အပြည့် နဲ့ နှစ်ကာလများစွာ အတူတကွ လက်တွဲတိုက်ပွဲဝင်ခဲ့တာတွေကြောင့် အခုလို အောင်မြင်မှုအသီးအပွင့်တချို့ကို ရရှိခဲ့တာဖြစ်တယ်လို့လည်း MNDAA နဲ့ AA က ဆိုပါတယ်။

အောင်ပွဲနဲ့အတူ ပါရှိလာတဲ့ အခက်အခဲ၊ အတားအဆီးတွေကိုလည်း ကောင်းတူဆိုးဖက်စိတ်ဓာတ်၊ ညီနောင်မဟာမိတ်စိတ်ဓာတ်အပြည့်နဲ့ ဝိုင်းဝန်းအတူဖြေရှင်းဖို့ အမြဲတမ်း အသင့်ရှိနေတယ်လို့လည်းသဝဏ်လွှာမှာ ဖော်ပြထားပါတယ်။

# အမ်းကနေ ထွက်ပြေးလာတဲ့ စစ်ကောင်စီတပ်သားတွေ အသာတကြည် လက်နက်မချလို့ ပစ်ခတ်ဖမ်းဆီးခဲ့ရ

Coastal News Agency ၊ ဇန်နဝါရီ၊ ၁၆။

ရက္ခိုင်ပြည်၊ အမ်းမြို့ဘက်ကနေ ထွက်ပြေးလာတဲ့ စစ်ကောင်စီတပ်သားတွေကို ပိတ်ဆို့တားဆီးရာမှာ အသာတကြည် လက်နက်မချတဲ့အတွက် ပစ်ခတ်ဖမ်းဆီးခဲ့ရတယ်လို့ ချင်းကာကွယ်ရေးတပ် – အရှို ( CDF – Asho ) က ထုတ်ပြန်လာပါတယ်။



ဇန်နဝါရီလ ၁၃ရက်နဲ့ ၁၄ရက်နေ့တွေမှာ ထွက်ပြေးလာတဲ့ စစ်ကောင်စီတပ်သားတွေဟာ လက်နက်မချတဲ့အတွက် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တာဖြစ်ပြီး စစ်ကောင်စီတပ်သား စုစုပေါင်း ၁၂ဦးကို အရှင်ဖမ်းဆီးရမိခဲ့တယ်လို့ အသိပေးထားပါတယ်။

ဇန်နဝါရီ ၁၃ရက်နေ့တုန်းက အမ်းမြို့နယ်၊ ကြက်ရေစမ်းရွာအနီးက စခန်းကနေ ထွက်ပြေးလာတဲ့ စစ်ကောင်စီတပ်သား ၅ဦးကို CDF – Asho က ငဖဲမြို့နယ်၊ ဂုတ်စည်းရိုးရွာအနီးမှာ တားဆီး ပိတ်ဆို့ခဲ့ရာ လက်နက်မချတဲ့အတွက် ပစ်ခတ်ဖမ်းဆီးခဲ့ရတယ်လို့ ဆိုပါတယ်။

စစ်ကောင်စီတပ်သား ၅ ဦးအနက် ၂ဦးကို အပြင်းအထန် ဒဏ်ရာတွေနဲ့ ဖမ်းဆီးရမိခဲ့ပြီး ဆေးကုသမှုပေးခဲ့ပေမယ့် ကုသစဉ်အတွင်း သေဆုံးသွားခဲ့တယ်လို့ အသိပေးထားပါတယ်။

ဇန်နဝါရီ ၁၄ရက်နေ့မှာလည်း အမ်းမြို့နယ်၊ တောင်ဇောက်ရွာအနီး တိုက်ပွဲကနေ ထွက်ပြေးလာတဲ့ စစ်ကောင်စီ တပ်သားအင်အား ၁၀၀ခန့်ကို ငဖဲမြို့နယ်၊ ရှောက်တောင်ရွာအနီး ( က.ပ.စ – ၁၄)နဲ့ မီတာ( ၂၀၀၀ )ခန့် အကွာမှာ CDF – Ashoက တားဆီးခဲ့ရာ အသာတကြည် လက်နက်မချတဲ့ အတွက် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တယ်လို့ ထုတ်ပြန်ထားပါတယ်။

အဆိုပါတိုက်ပွဲမှာ စစ်ကောင်စီဘက်က ၃ဦးပွဲချင်းပြီး သေဆုံးခဲ့ပြီး၊ တိုက်ပွဲအပြီးမှာ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေဟာ ဖွဲ့စည်းပုံပျက်ကာ ထွက်ပြေးသွားခဲ့တယ်လို့ ဆိုပါတယ်။

အဲ့ဒီ ထွက်ပြေးလွတ်မြောက်နေတဲ့ စစ်ကောင်စီ တပ်ဖွဲ့ဝင်တွေကိုလည်း CDF – Asho က နယ်မြေရှင်းလင်းရေးလုပ်ရာမှာ စစ်ကောင်စီတပ်သား ၈ဦးကို ထပ်မံဖမ်းဆီးရမိခဲ့တယ်လို့ အသိပေးထားပါတယ်။

# KTV ဖွင့်ဖို့ ကြိုးပမ်းတဲ့ ဗကသ ဥက္ကဋ္ဌ ပြန်တောင်းပန်



Arakha Times ၊ ဇန်နဝါရီ ၊ ၇။

ရံပုံငွေ အတွက်ဆိုပြီး KTV ဖွင့်လှစ်ဖို့ကြိုးပမ်းတဲ့ ဗကသ ဥက္ကဋ္ဌ ကိုအောင်ပြည့်စုံဖြိုး က ဒီကနေ့ (ဇန်နဝါရီ ၇ ရက်) မှာ ၎င်းရဲ့ လူမှုကွန်ယက်စာမျက်နှာကနေတဆင့် ပြန်လည်တောင်းပန်ခဲ့ပါတယ်။

KTV ဖွင့်လှစ်ဖို့ ကြိုးပမ်းမှုမှာ ပါဝင်ခဲ့တဲ့ ဗကသ ဥက္ကဋ္ဌ ကိုအောင်ပြည့်စုံဖြိုး နဲ့ ဘဏ္ဍာရေးတာဝန်ခံ ကိုရှိုင်းဝဏ္ဏအောင်ကို ရာထူးကနေ ဖယ်ရှားလိုက်တယ်လို့ မနေ့က ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ် ကနေ သတင်းထုတ်ပြန်ပါတယ်။

ကိုအောင်ပြည့်စုံဖြိုးက **“အမှားလုပ်မိတာမလို့ အဖွဲ့အစည်းက ဒီလိုအရေးယူတာကိုကျေကျေနပ်နပ်လက်ခံပါတယ်။ ပုဂ္ဂိုလ်ရေးအရဘယ် လောက်ရင်းနှီးပါစေ အလုပ်နဲ့ ပတ်သက်ရင် ပြတ်ပြတ်သားသားကိုင်တွယ်တတ်တဲ့ရဲဘော်တွေအတွက် ကျနော်ဂုဏ်ယူပါတယ်။ ၂၀၁၇ကနေ စတင်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုစာနီးပါးရှိတဲ့ တန်ဖိုးတခု ကိုမကျော်သင့်တဲ့စည်းကျော်မိတာကြောင့် ဆုံးရှုံးလိုက်ရပါတယ်”**လို့ပြောပါတယ်။

ဗကသ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတဲ့ ကိုအောင်ပြည့်စုံဖြိုးဟာ ဘဏ္ဍာငွေရှာဖွေရန်ရည်ရွယ်ချက်နဲ့ KTV လုပ်ငန်းဖွင့်လှစ်နိုင်ဖို့ ကြိုးပမ်းရာမှာ ပါဝင်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့တယ်လို့ ဗကသများအဖွဲ့ချုပ် ဗဟိုအမှုဆောင်အဖွဲ့ရဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ကိုအောင်ပြည့်စုံဖြိုးက ၎င်းကိုယ်ကျိုးအတွက် လုပ်ခြင်း မဟုတ်သလိုရန်သူနဲ့ ပေါင်းတာ မဟုတ်ကြောင်း သူ့အနေနဲ့ တော်လှန်ရေးမှာ ဆက်ရှိနေမယ်လို့ ယုံကြည်ကြောင်း ဗကသ ကျောင်းသားတစ်ဦးက ပြောပါတယ်။

“ပထမဆုံးတချက် ပြောလိုတာက ခုဖြစ်တဲ့ ကိစ္စမှာ ရဲဘော်အောင်ပြည့်စုံဖြိုးဟာ သူ့ကိုယ်ကျိုးအတွက် လုပ်တာမဟုတ်သလို ရန်သူနဲ့ပေါင်းတာမဟုတ်ဘူး။ ရဲဘော်အနေနဲ့ တော်လှန် ရေးမှာ ဆက်ရှိနေပြီး သူနိုင်တာ လုပ်နေအုန်းမယ်လို့ ယုံကြည်တယ်။ ဒုတိ ယတချက်က ဒါကို အဖွဲ့တွင်း ကြိတ်ဖြေရှင်းလို့ ရရဲ့ သားနဲ့ ဗကသဟာ လူထုကို ချပြတယ်ဆိုတာက ဗကသ – က ဗကသ ဖြစ်နေလို့ပဲ။ ဒီကာလတောက်လျှောက်လုံး ဗကသဟာ ပုံဖျက်ခံခဲ့ရတဲ့ ကိစ္စတွေရှိတယ်။ ခုကိစ္စနဲ့လည်း ရှိလာနိုင်တာပါပဲ” လို့ အာရက္ခတိုင်းမ်စ် ကိုပြောပါတယ်။

ဒီလိုကိစ္စရပ်တွေကို ပြည်သူတွေ သိမှဖြေရှင်းတာထက် ပြဿနာဖြစ်တဲ့ နေရာမှာဖြေရှင်းလိုက်တာကအဖွဲ့အစည်းအထက်ပိုကောင်းမွန်တဲ့ လုပ်ရပ်ဖြစ်တယ်လို့ ဗကသ ကျောင်းသားတစ်ဦးကဆက်လက်ပြောဆိုပါတယ်။

အကျင့်ပျက် ခြစားမှုကို အဖွဲ့အစည်းကိုယ်တိုင်က သွေးရိုးရိုးနဲ့ လူသိရှင်ကြားထုတ်ဖော်ပြီး ထုတ်ပယ်လိုက်တဲ့ကိစ္စမှာ ကောင်းတဲ့ကိစ္စဖြစ်ကြောင်း ခြစားမှုကို အများပြည်သူရှေ့မှောက် ရဲရဲဝံ့ဝံ့ ထုတ်ဖော်ရှင်းလင်းတာ ကောင်းတဲ့ကိစ္စဖြစ်တယ်လို့ ဗကသ အဖွဲ့နဲ့ နီးစပ်သူတစ်ဦးက ဆိုပါတယ်။

KTV ဖွင့်လှစ်ဖို့ ကြိုးပမ်းမှုဟာ ဗကသများ အဖွဲ့ချုပ်ရဲ့ စည်းမျဉ်းဥပဒေ၊ မူဝါဒစံနှုန်း၊ ဂုဏ်သိက္ခာကို ချိုးဖောက်ညှိုးနွမ်းစေတယ်လို့ ဗကသများအဖွဲ့ချုပ် ဗဟိုအမှုဆောင်အဖွဲ့ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

# ကျောက်မဲဆေးရုံ ဗုံးကြဲတိုက်ခိုက်မှုအပေါ် TNLA ရှုတ်ချ

Arakha Times ၊ ဇန်နဝါရီ၊ ၂၇။



ဇန်နဝါရီလ ၂၅ ရက် နေ့လည်ကစစ်ကောင်စီက ကျောက်မဲပြည်သူ့ဆေးရုံကို ဂျက်ဖိုက်တာ ၂ စီး နဲ့ ဗုံး ၄ လုံး ကြဲချတိုက်ခိုက်ခဲ့တာကြောင့် CDM ဆရာမ ၂ ဦး၊ လူနာ ၁ ဦး သေဆုံးခဲ့ပြီး လူနာအရပ်သားပြည်သူ ၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။

“အရပ်သားပြည်သူများ ဆေးကုသနေတဲ့ ကျောက်မဲပြည်သူ့ဆေးရုံကို စစ်ကောင်စီက ဗုံးကြဲတိုက်ခိုက်တဲ့အပေါ် ပြင်းထန်စွာ ရှုတ်ချတယ်” လို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PLSF/TNLA က ဆိုပါတယ်။

စစ်ကောင်စီရဲ့လေကြောင်းတိုက်ခိုက်မှုကြောင့် ဇန်နဝါရီလအတွင်း တအာင်းဒေသတွင် အရပ်သားပြည်သူ ၅ ဦး သေဆုံးခဲ့ပြီး ၃၀ ကျော် ဒဏ်ရာရရှိခဲ့တယ်လို့လည်း TNLA က ထုတ်ပြန်ထားပါတယ်။

စစ်ကောင်စီက အရပ်သားပြည်သူများကို ရည်ရွယ်ချက်ရှိရှိ ဦးတည် ဗုံးကြဲတိုက်ခိုက်ခြင်း၊ အစုလိုက် အပြုံလိုက် သေစေတာ၊ ဒဏ်ရာရရှိစေတာ နဲ့ အများ ပြည်သူ အဆောက်အအုံ ဆေးရုံများ ကို ဗုံးကြဲတိုက်ခိုက်ခြင်းဟာ နိုင်ငံတကာ တားမြစ်ထားတဲ့ စစ်ရာဇဝတ်မှုကို ကျူးလွန်နေခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်နေခြင်း နဲ့ တိုက်ပွဲကာလတွင် အရပ်သားများကို ကာကွယ်ရမယ့် နိုင်ငံတကာ တားမြစ်ချက်ကို ပေါ်ပေါ်ထင်ထင် ကျူးလွန်နေတယ်လို့ TNLA က ဆိုပါတယ်။

စစ်ကောင်စီ ရဲ့ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုတွေ ကို ရှောင်ရှားနိုင်ဖို့ ပြည်သူများအနေနဲ့ စစ်ရေးသတိ ရှိဖို့လိုအပ်သလို လေကြောင်းကာကွယ်ရေးလမ်းညွှန်တွေ လိုက်နာကြ ဖို့ကိုလည်း TNLA က တိုက်တွန်းထားပါတယ်။

# တိုင်းရင်းသားလက်နက်ကိုင်တွေ ဖက်ဒရယ်ကို ဘာကြောင့် တောင်းဆိုနေတာလဲ

Arakha Times ၊ ဇန်နဝါရီ၊ ၂၅။



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တွေဟာ အရင်ကာလတွေကလည်း တန်းတူအခွင့်အရေး၊ ရသင့် ရထိုက်တာတွေကို မရခဲ့တာကြောင့် အခုနောက်ပိုင်းမှာ ဖက်ဒရယ်နဲ့ ပတ်သက်ပြီး တောင်းဆိုမှုတွေ၊ ပြောဆိုမှုတွေ လုပ်လာတာဖြစ်တယ်လို့ တရုတ်–မြန်မာအရေး လေ့လာသူ ဒေါက်တာလှကျော်ဇောက အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

“ဖက်ဒရယ်လို့ ပြောနေတာက တိုင်းရင်းသားတွေက တောက်လျှောက် သူတို့မှာ တန်းတူအခွင့်အရေးတွေ မရဘူးလို့။ သူတို့ကို ဒုတိယတန်းစား လူတန်းစားလို သဘောထားလို့ ဒီအတွက် လိုချင်လို့ ပြောကြတာ။ နောင် တစ်နေ့ တော်လှန်ရေးတွေ၊ NUG လုပ်သလို တပ်ပေါင်းစုတွေဖွဲ့ပြီး ရာထူးကိစ္စ မဟုတ်ဘူး။ ဆက်ဆံတဲ့အခါ တန်းတူညီတူ ကောင်းကောင်းမွန်မွန် ဆက်ဆံပြီးတော့ တူညီတဲ့ အခွင့်အရေးတွေ ရသွားရင် ဘယ်သူမှ ဖက်ဒရယ် မပြောဘူး။ အားလုံးက ဖက်ဒရယ် ဖက်ဒရယ် ပြောနေတာက ကိုယ်ရရှိ ရထိုက်တဲ့ အခွင့်အရေး မရဘူး ထင်လို့ ကိုယ်အဖြည့်ခံနေရတယ် ထင်လို့ ပြောနေတာ” လို့ ပြောပါတယ်။

ဖက်ဒရယ်နဲ့ပတ်သက်ပြီး KIA ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ဂွမ်မော်က တိုင်းရင်းသားလက်နက်ကိုင်တွေဟာ ၂၀၂၅ ခုနှစ်မှာ ဖက်ဒရယ်ထက် ကျော်လွန်တဲ့ စဉ်းစားချက်တွေကို တောင်းဆိုလာကြလိမ့်မယ်လို့လည်း ပြောခဲ့ဖူးပါတယ်။

ဒ့ါအပြင် အာရက္ခတပ်တော် ဟာလည်း နိုင်ငံရေးအဆင့်အတန်းကို “ဝ”ထက်မနိမ့်တဲ့ ကွန်ဖက်ဒရေးရှင်း ဒါမှမဟုတ် သီးခြားလွတ်လပ်ရေး အဆင့်အတန်းမျိုးကို ရလိုကြောင်း ပြောကြားထားခဲ့ဖူးပြီး TNLA က လည်း ပလောင်ပြည်နယ် ဒါမှမဟုတ် နိုင်ငံတစ်ခု ဖြစ်တည်လာပါက အဆင်သင့်ပြင်ထားဖို့ ပလောင်လူမျိုးများကို တိုက်တွန်းထားပါတယ်။

ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေအရ ဖက်ဒရယ်

စနစ်ကို သွားဖို့ဟာ မဖြစ်နိုင်ကြောင်း ထောက်ပြကြပါတယ်။

လက်ရှိမှာတော့ စစ်ကောင်စီနဲ့ ကိုးကန့်တပ်တို့ဟာ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးတဲ့နောက် အပစ်ရပ် ထားတယ်လို့ တရုတ်က ထုတ်ဖော်ပြောကြားထားပြီး မကြာခင်တွင် TNLA အပါအဝင် AA တို့နဲ့ပါ တဖြေးဖြေး တွေ့သွားနိုင်တယ်လို့ စစ်ရေးနဲ့ နိုင်ငံရေး လေ့လာသူတွေက သုံး သပ်ထားကြပါတယ်။

ဒါပေမယ့် တွေ့ဆုံဆွေးနွေးပွဲဆိုတာက နှစ်ဖက်လုံးက လိုလားဖို့ လိုတယ်လို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) မှ ပြောရေးဆိုခွင့်ရှိသူ ဦးမျိုးကျော်က အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

**"တွေ့ဆုံဆွေးနွေးပွဲဆိုတာက နှစ်ဖက်လုံးကလည်း လိုလားဖို့ လိုတယ်။ ဒါမှလည်း ဖြစ်တာကို။ တစ်ဖက်ကနေ တွေ့ဆုံဆွေးနွေးပွဲပြောပြီးရင် နောက်တစ်ဖက်ကနေ အဲဒီဟာ မလိုက်လျောရင် ဆွေးနွေးပွဲဆိုတာ ဖြစ်လာမှာ မဟုတ်ဘူး။ အဲဒီအခါကြရင် အင်အားသုံးပြီးတော့ တိုက်ပွဲတွေ ဖြစ်လာမယ်"** လို့ ပြောပါတယ်။

လက်ရှိ ဖြစ်ပွားနေတဲ့ လက်နက်ကိုင် စစ်ရေးပဋိပက္ခတွေ ဟာ တိုင်းရင်းသားလက်နက်ကိုင်တွေ လိုချင်တဲ့ နိုင်ငံရေး လိုအပ်ချက်တွေ မပြည့်တဲ့အတွက် ဖြစ်ပေါ်နေတာ ဖြစ်တယ်လို့ စစ်ရေးနဲ့ နိုင်ငံရေးအကဲခတ်သူတွေက ထောက်ပြပါတယ်။

# ရက္ခိုင်–မကွေးနယ်စပ်တလျှောက်မှာ စစ်ကောင်စီနဲ့ PRA–Magway တို့ တိုက်ပွဲဖြစ်ပွားနေ

Coastal News Agency ၊ ဇန်နဝါရီ၊ ၂၃။




ရက္ခိုင်–မကွေးနယ်စပ်တလျှောက်မှာ စစ်ကောင်စီနဲ့ တိုက်ပွဲတွေဖြစ်ပွားနေပြီး စစ်သုံ့ပန်းတွေလည်း ဖမ်းဆီးရမိထားတယ်လို့ PRA–Magway က ထုတ်ပြန်လာပါတယ်။

ဇန်နဝါရီလအတွင်းမှာ ရက္ခိုင်–မကွေးနယ်စပ်တလျှောက်တပ်မ (၉၉)လက်အောက်ခံတပ်ရင်းတွေနဲ့ ထိတွေ့တိုက်ပွဲတွေရှိနေပြီး၊ စစ်ပွဲတွေကနေ ထွက်ပြေးလာတဲ့စစ်ကောင်စီတပ်ဖွဲ့ဝင်တွေကိုလည်း ပိတ်ဆို့ဖမ်းဆီးနေတယ်လို့ PRA–Magway က ဆိုပါတယ်။

အဆိုပါတိုက်ပွဲတွေနဲ့ ပိတ်ဆို့ဖမ်းဆီးမှုဖြစ်စဉ်တွေအတွင်း ခမရ (၁၁၃)က ဗိုလ်ကြီး (၂) ဦးအပါအဝင် (၁၂) ဦးကို အရှင်ဖမ်းဆီးနိုင်ခဲ့ပြီး၊ စစ်ကောင်စီဘက်က ဗိုလ်ကြီး (၂) ဦး၊ အရာခံဗိုလ် (၁) ဦးနဲ့ စုစုပေါင်း (၁၀) ဦးထက် မနည်း သေဆုံးခဲ့တယ်လို့ ထုတ်ပြန်ထားပါတယ်။

ဒါ့အပြင် ၆၀ မမ ကွန်မန်ဒိုစိန်ပြောင်း (၁) လက်၊ လက်နက်ငယ် (၈) လက်နဲ့ ခဲယမ်းတွေ ၊ စစ်အသုံးအဆောင်တွေ သိမ်းဆည်းရရှိခဲ့တယ်လို့လည်း အသိပေးထားပါတယ်။

ဇန်နဝါရီလ (၁၉) ရက်နေ့၊ နေ့လယ်ပိုင်းတုန်းကလည်း ငဖဲမြို့နယ်၊ အမ်း – ပဒါန်းလမ်းပိုင်း၊ ဂုတ်ကြီးကျေးရွာ အနောက်ဘက် မီတာ ၂၅၀၀ ခန့် အကွာမှာ ပဒါန်းဘက်ကနေ တက်လာ တဲ့ စစ်ကောင်စီအင်အား (၁၀၀) ခန့်ပါ ခဲယမ်းတင်ကား (၄) စီးကို PRA–Magway က ကြားဖြတ် တိုက်ခိုက်ခဲ့သေးတဲ့အ ကြောင်းကိုလည်း အသိပေးထားပါတယ်။

အဆိုပါတိုက်ပွဲမှာ စစ်ကောင်စီကား (၁) စီး ပျက်စီးသွားခဲ့ပြီး (၅) ဦးသေဆုံးကာ (၈) ဦးဒဏ်ရာ ရရှိခဲ့တယ်လို့ ဆိုပါတယ်။

ဇန်နဝါရီလ (၇) ရက်နေ့တုန်းကလည်း ဂုတ်ကြီးရွာကနေ ခွန်ဇူကျေးရွာဘက်ကို စစ်ကြောင်းထိုးလာတဲ့ အင်အား (၃၀) ခန့်ပါ စစ်ကောင်စီ စစ်ကြောင်းကို ခြုံခိုတိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီဘက်က (၄) ဦးသေဆုံးကာ (၃) ဦး ဒဏ်ရာရရှိခဲ့တယ်လို့လည်း PRA – Magway က ဆိုပါတယ်။

# အာရက္ခတပ်တော်က ရက္ခိုင်နယ်စပ်အားလုံးကို ထိန်းချုပ်

**Arakha Times** ၊ ဇန်နဝါရီ၊ ၂၇။



စစ်ကောင်စီရဲ့ စခန်းတွေဖြစ်တဲ့ ရက္ခိုင်ရိုးမတောင်တန်းက မိုးထိတောင်၊ ရှောဝတီတိုင်းက ပွိုင့် ၂၆၃ နဲ့ ပွိုင့် ၃၆၉ စခန်းတို့ကို သိမ်းပိုက်ရရှိခဲ့တယ်လို့ အာရက္ခတပ်တော် က သတင်းထုတ်ပြန်ခဲ့ပါတယ်။

စစ်ကောင်စီရဲ့ မိုးထိတောင်စခန်းကို ၅ ရက်ကြာ အပြင်း အထန် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပြီးနောက် ဇန်နဝါရီလ ၂၆ ရက် နံနက် ၁၁ နာရီတွင် သိမ်းပိုက်နိုင်ခဲ့ပြီး လက်နက်ခဲယမ်း အလောင်းအချို့ကိုလည်း သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။




ရှောဝတီ–ရက္ခိုင်နယ်စပ်ရှိ ပွိုင့် ၂၆၃ စခန်းကို ဇန်နဝါရီလ ၂၆ ရက်နေ့တွင် အပြီးသတ်သိမ်းပိုက်ရရှိခဲ့ပြီး ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပွိုင့် ၃၆၉ စခန်းကို သိမ်းပိုက်ရရှိခဲ့တယ်လို့ အာရက္ခတပ်တော် က ထုတ်ပြန်ခဲ့ပါတယ်။

အလားတူ မကွေးတိုင်း ငဖဲမြို့နယ် ဂုတ်စီးရိုးကျေးရွာအနီး အမ်း–ပဒါန်း ကားလမ်းမထက်တွင် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် စစ်ကောင်စီရဲ့ တမခ (၉၉) လက်အောက်ခံ ခမရ (၄၁၉)၊ (၁၄) တပ်ရင်း ပူးပေါင်းစစ်ကြောင်းနဲ့ အာရက္ခတပ်တော်တို့ တိုက်ပွဲဖြစ်ပွားခဲ့တယ်လို့လည်း သိရပါတယ်။

ရက္ခိုင်ရိုးမရှိ စစ်ကောင်စီရဲ့ လက်ကျန်စခန်းတွေကို အာရ




၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်၊ နံနက် (၁၁) နာရီ (၁၀) မိနစ်အချိန်တွင် ရက္ခိုင်ရိုးမတောင်တန်းထက်ရှိ
မ်းဖက် စစ်ကောင်စီ၏ မိုးထိတောင်စခန်းအား အာရက္ခတပ်တော်မှ အပြီးသတ် သိမ်းပိုက်ပြီးနောက် သိမ်းဆည်းရမိခဲ့သော
လက်နက် ခဲယမ်းများ နှင့် စစ်အသုံးအဆောင်ပစ္စည်းများ

က္ခတပ်တော် က ထိုးစစ်ဆင် တိုက်ခိုက်လျက်ရှိနေပြီး စစ်ကောင်စီဖက်ကလည်း အာရက္ခတပ်တော်ကို ပြန်လည်ထိုးစစ်ဆင် တိုက်ခိုက်လျက်ရှိနေပြီး နှစ်ဖက်တိုက်ပွဲများ ပြင်းထန်နေတယ်လို့ သိရပါတယ်။



# ပြည်မရောက်ရက္ခိုင် စစ်ဘေးရှောင်ကို ဖမ်းဖို့ စစ်လော်ဘီတွေက ဝါဒဖြန့်မှုတွေ ဆက်တိုက်လုပ်ဆောင်နေ

Arakha Times ၊ ဇန်နဝါရီ၇။

ရန်ကုန်မန္တလေးအပါအဝင်ပြည်မရောက်နေတဲ့ ရက္ခိုင်စစ်ဘေးဒုက္ခသည်တွေကို အာရက္ခတပ်တော်AAနဲ့ ဆက်စပ်သူတွေဖြစ်တာကြောင့် စစ်ကောင်စီအနေ နဲ့ ဖမ်းဆီး အရေးယူတာ တွေလုပ်ဖို့ ဒီရက်ပိုင်းအတွင်းမှာ စစ်လော်ဘီတွေက လူမှုကွန်ယက်တွေပေါ်မှာ ရေးသားတာတွေ ဆက်တိုက်လုပ်လာနေတာတွေ ရှိနေတယ်လို့ ပြည်မကိုရောက်နေကြတဲ့ ရက္ခိုင်ဒေသခံတစ်ဦးကပြောပါတယ်။


**“စစ်လော်ဘီ အကောင့်တွေက နေ့ပြီးတော့ ပုံတွေနဲ့ တကွ ဒီလူတွေ ဒီလူတွေက အေအေ ရဲ့ထောက်ပို့တွေပါ ဆိုပြီးတော့ ဒီရက်ပိုင်းတွေမှာ ဆက်တိုက်ဝါဒဖြန့်လာတာတွေရှိနေတယ်။ရက္ခိုင်တွေကိုပေါ့ အဓိကတော့ စစ်ဘေးရှောင်အရေးကို လုပ်ပေးနေတဲ့ သူတွေကို ပိုပြီးတော့ ပစ်မှတ်ထားတယ်ပေါ့။ နောက်တစ်ခုက အေအေ ကို သူတို့စစ်တပ်က စစ်ရှုံးလာတာ နဲ့ အမျှ ရက္ခိုင် ကို ဖမ်းဆီးဖို့လုပ်ဆော်တာတွေကိုလည်း လုပ်လာတာတွေ ရှိတယ်”**လို့ သူကပြောပါတယ်။

ရက္ခိုင်တိုက်ပွဲတစ်နှစ် ကျော်ကာလအတွင်း ရက္ခိုင်ပြည်က မြို့နယ် ၁၄ခုနဲ့ ချင်းပြည်နယ်က ပလက်ဝမြို့နယ်တွေကို AAဘက်က အပြီးပိုင်သိမ်းပိုက်ထားနိုင်သလို စစ်ကောင်စီတပ်သားတွေနဲ့ ဗိုလ်ချုပ်အဆင့်အရာရှိတော်တော်များများကိုလည်း ဖမ်းဆီးထားနိုင်တာဖြစ်ပါတယ်။

အခုလို စစ်ကောင်စီတပ်တွေ ရက္ခိုင်စစ်မြေပြင်မှာ စစ်ရေး အရှုံး နဲ့ ဆက်တိုက် ရင်ဆိုင်လာရချိန် မှာဘဲစစ်လော်ဘီတွေက ပြည်မမှာ ရှိနေတဲ့ ရက္ခိုင်စစ်ဘေးရှောင်တွေကို ဖမ်း ဆီးအရေးယူပေးဖို့ ရေးသားနေကြတာကြောင့် စိုးရိမ်နေကြရတယ်လို့လည်း ပြည်မကို စစ်ဘေးရှောင် ရောက်နေကြတဲ့ စစ်ဘေးရှောင်ပြည်သူတွေက ပြောပါတယ်။

“လုံခြုံမှုတော့ မရှိဘူးပေါ့ ကျနော်က တက္ကစီမောင်းတယ် အခု စစ်တပ်ဂိတ်တွေကိုဆိုရင် သိပ်ပြီးမဖြတ်ရဲတဲ့အနေအထားမှာ ရှိတယ်။မှတ်ပုံတင်စစ်ရင် ၁၁/ကြီးဖြစ်နေတော့ လူတွေကလည်း ၁၁/ ဆိုရင် ဘာလုပ်တယ် ဘာဖြစ်တယ်ဆိုပြီးတော့ ပြောနေတော့ ကျနော်ဆို သိပ်တောင်တက္ကစီထွက်မဆွဲရဲတော့ဘူး ဒီနောက်ပိုင်း။စစ်တပ်အချင်းချင်းဖြစ်နေတာကို ပြည်သူတွေကို အခုလိုလုပ်နေတာကတော့ အဆင်သိပ်မပြေဘူးလိုပဲ မြင်မိတယ်”လို့ သူကပြောပါတယ်။

ရခိုင်ပြည်နယ်မှာ တကြော့ပြန်တိုက်ပွဲတွေ စတင်ဖြစ်ပွားခဲ့တဲ့ ပြီးခဲ့တဲ့





၂၀၂၃ ခုနှစ် နိုင်ဝင်ဘာလ အကုန်ပိုင်းလောက်ကစပြီး ရက္ခိုင်ပြည်က ဒေသခံ တော်တော် များများဟာ အိုးအိမ်စွန့်ခွာ ပြီးတော့ ဘေးလွတ်မယ့် နေရာတွေကို ထွက်ပြေးနေကြရတာလည်းဖြစ်ပါတယ်။အဲဒီက ပိုက်ဆံတတ်နိုင် တဲ့သူတော်တော် များများကတော့ ပြည်မဘက်တွေကို ထွက်ပြေးတိမ်းရှောင်နေကြ တာလည်းဖြစ်ပါတယ်။

# ပြင်ပရောက် ရက္ခိုင်တွေ ဖမ်းခံရတာက လူမျိုးရေးအရ ခွဲခြားဆက်ဆံခံရတယ်လို့ဆို

Arakha Times ၊ ဇန်နဝါရီ ၁၅။

တိုက်ပွဲကြောင့် နေရပ်စွန့်ခွာ ထွက် ပြေးလာတဲ့ သူတွေ နဲ့ အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်ကို ရောက်နေကြတဲ့ ရက္ခိုင်တွေဟာပြည်မနေရာတွေမှာ စစ်ကောင်စီက ဖမ်းဆီးတာတွေ လုပ်နေတာဟာ လူမျိုးရေးအရ ခွဲခြားဆက်ဆံတာ ဖြစ်တယ်လို့ ရက္ခိုင်တိုင်းရင်းသားတွေက ပြောပါတယ်။



ပြင်ပရောက် ရက္ခိုင်တွေ ဖမ်းခံရတာက လူမျိုးရေးအရ ခွဲခြားဆက်ဆံခံရခြင်းဟု ပြော

တိုက်ပွဲကြောင့် ရန်ကုန် နဲ့ ဧရာဝတီ တိုင်းတွေကို တိမ်းရှောင်လာကြတဲ့ တိုက်ပွဲရှောင်တွေကို စစ်ကောင်စီက အတင်းအဓမ္မ နေရာပြောင်းရွှေ့ခိုင်းတာ တွေရှိသလို အရင်ကတည်းကပင် နိုင်ငံခြားကို ထွက်ဖို့ အတွက် ရန်ကုန်မှာသင်တန်းလာတက်နေကြတဲ့ ရက္ခိုင်လူငယ်တွေကို စစ်ကောင်စီက ညှော်စာရင်းကို အကြောင်းပြပြီးတော့ မကြာခဏ ဖမ်းဆီးတာတွေလည်း လုပ်နေတယ်လို့ဆိုပါတယ်။

ရက္ခိုင်မှာ အာရက္ခတပ်တော် နဲ့ စစ်ကောင်စီတို့ နှစ်ဖက်တိုက် ပွဲဖြစ်ပွား နေတာကြောင့် ရက္ခိုင်ဒေသခံတွေအများစုဟာ ရန်ကုန်၊ မန္တလေး နဲ့ ဧရာဝတီ တိုင်းလိုနေရာတွေကို ထွက်ပြေးတိမ်းရှောင်နေကြရပြီး အဲဒီမှာ ရှိနေတဲ့ ရက္ခိုင်စစ်ဘေးရှောင် တွေဟာ စစ်ကောင်စီက အကြောင်းအမျိုးမျိုး ပြဖမ်းဆီးနေတဲ့ အတွက် လုံခြုံမှုမရှိတဲ့ အခြေအနေမှာ ရှိနေတယ်လို့ ရန်ကုန်ကို ရောက်နေတဲ့ ရက္ခိုင်ဒေသခံတစ်ယောက်က အာရက္ခတိုင်းမ်စ်ကို ပြောပါတယ်။

"အဲဒါ မလုပ်ကောင်းတဲ့ အလုပ်။ လူမျိုးရေးအရ ခွဲခြားဆက်ဆံတာ။ ပြည်ထောင်စုစိတ်ဓာတ်ဆိုပြီး ပြည်ထောင်စုကနေ ခွဲထုတ်နေတာလို့ပဲ မြင်တယ်။ ဒီလိုဖြစ်ရပ်တွေက ရှိတယ်။ ရန်ကုန်မှာ ရှိတဲ့သူတစ်ယောက်အနေနဲ့ သိတယ်။ ရက္ခိုင်မှ မဟုတ်ဘူး။ တခြားလူမျိုးတွေလည်း ခံနေရတာ ရှိတယ်။ အဓိကတော့ ရက္ခိုင်ကို လုပ်တာများတယ်။ လတ်တလော ချက်ချင်း သတ်မယ့်နေရာကနေ တဖြည်းဖြည်းညှင်းပြီး သတ်မယ့်နေရာကို ပြေးကြတာပေါ့။ အဲဒီလိုမျိုးတွေ ရှိတယ်။ လတ်တလော အသက်ရှင်ဖို့အတွက် ရှုန်းကန်ရတာပဲ။ ဒီနေရာက ဘေးမဲ့ရာလို့ အခုထိ မယုံကြည်ဘူး။ ကျနော်တို့ စကားပြောမယ်ဆိုရင်လည်း ရှေ့ပြော နောက်ကြည့်ပဲ အဲဒီလို နေနေရတာ။ ညှော်စာရင်းတိုင်တာလည်း ပေါ့ပေါ့ပါးပါး မဟုတ်ဘူး ရင်တထိတ်ထိတ်နဲ့" လို့ ပြောပါတယ်။

စစ်ကောင်စီရဲ့ လမ်းစဉ်က ပြည်သူ တွေကို ဆူပူမှုဖြစ်အောင် ဖန်တီးပြီးတော့ ဗမာနဲ့ တခြားတိုင်းရင်းသား လူမျိုးစုတွေကြားကို လူမျိုးရေး ပဋိပက္ခဖြစ်အောင် လုပ်တဲ့ပုံစံ ဖြစ်နေတယ်လို့ လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ နိုင်ငံရေးလေ့လာတဲ့ သူတွေက သုံးသပ်ကြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ဟောင်း တစ်ဦးက "အဲဒီလို ဖမ်းဆီးတာတွေ ဖြစ်တဲ့ကိစ္စသည် ဆိုလိုတာက အုပ်ချုပ်တဲ့သူက ပြည်သူကို ဆူပူအောင် လုပ်ပြီးတော့ ဆွပေးပြီးတော့ သူတို့လိုချင်တဲ့ ကစားကွက်ကို ရအောင် ဖန်တီးတာလေ။ အန်ကယ်ကတော့ မကြိုက်ဘူး။ ဒီလိုမျိုး လူမျိုးရေးကို အခြေခံပြီးတော့ သံသယ နဲ့ ဖမ်းမယ်၊ ဆီးမယ်ဆိုတာကို မလုပ်ရဘူး။ တကယ်လို့သူတို့ဥပဒေကိစ္စရှိတယ်ဆိုလည်း လွှတ်လပ်တဲ့ တရားစီရင်မှု လုပ်ပေးလေ။ လွှတ်လပ်တဲ့ တရားစီရင်မှုကလည်း သူတို့အောက်မှာ၊ သူတို့လုပ်ချင်သလို လုပ်နေတာ။ နစကစတက်ကတည်းကလည်း မှားတာပဲ။ သူကိုယ်၌က တရားစွဲရမှာ မဟုတ်ဘူး ။ဒီကိစ္စ မှားလား၊ မှန်လား၊ မှားရင် တရားစွဲပေးဆိုပြီး အဲဒီလို လုပ်ရမှာ။ သူကိုယ်တိုင်က တရားစွဲ၊ သူကိုယ်တိုင်က တရားမင်းဆိုတော့ အဲဒီမှာ မတရားမှုက စဖြစ်ပြန်ရော။ အမှန်က လူမျိုးရေးပဋိပက္ခဖြစ်အောင်လို့ကို ဖန်တီးနေတော့တာ" လို့ ပြောပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင်လည်း ရန်ကုန်က မရမ်းကုန်းနဲ့ အင်းစိန်မြို့နယ်တွေကို စစ်ကောင်စီ၊ ရဲ နဲ့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တွေက အလုံးအရင်းနဲ့ ညှော်စာရင်းဝင်စစ်ပြီး ရက္ခိုင်လူငယ် အယောက် ၂၀ ကျော်ကို ဖမ်းဆီးသွားတယ်လို့ သိရပါတယ်။

# ရန်ကုန်မှာ ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင် တဲ့ ရက္ခိုင်တွေကို စစ်ကောင်စီက စာရင်းကောက်ယူနေ

Coastal News Agency ၊ ဇန်နဝါရီ ၊ ၁၈။

ပြီးခဲ့တဲ့ ဇန်နဝါရီလ ဒုတိယအပတ်လောက်ကတည်းကပင် စစ်ကောင်စီက ရန်ကုန်မြို့နယ်အတွင်းမှာ ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင် နေတဲ့ ရက္ခိုင်ဒေသခံပြည်သူတွေကို စာရင်းအတိအကျလိုက်လံကောက်ယူတာတွေကို လုပ်ဆောင်နေတယ်လို့ ရန်ကုန်မှာ ရှိနေတဲ့ ရက္ခိုင်ဒေသခံတွေကပြောပါတယ်။



စစ်ကောင်စီဟာ ရက္ခိုင်စစ်မျက်နှာပြင်မှာ အာရက္ခတပ်တော်ကို တစ်မြို့ပြီးတစ်မြို့ လက်လွှတ်ပေးနေရတဲ့ နောက်ပိုင်းမှာ ဒီလို ရန်ကုန်ကို ရောက်နေတဲ့ ရက္ခိုင်ပြည်သူတွေကို ပစ်မှတ်ထား ဖမ်းဆီးတာ နဲ့ နာမည်စာရင်းနေရပ်လိပ်စာ အတိအကျကောက်ယူတာတွေကိုလုပ်ဆောင်လာခဲ့တာဖြစ်တယ်လို့ ရန်ကုန်မြို့ အတွင်းမှာ နေထိုင်နေတဲ့ ဒေသခံ တစ်ဦးကပြောပါတယ်။

**“အဓိကတော့ ဒီ အမ်း နဲ့ ဂွကို အာရက္ခ တပ်တော်က သိမ်းပိုက်ပြီးနောက်မှာ**

**အခုလို ရက္ခိုင်တွေကို ဖမ်းတာ နာမည်စာရင်းတွေ ကောက်တာကို လုပ်လာတာပေ့ါ။ ဘာအတွက်ဆိုတာကို ပြောပြီးကောက်တာတော့ မဟုတ်ပါဘူး။ အိမ်မှာ လူဘယ် နှစ်ယောက်ရှိတယ် နာမည်တွေက ဘယ်သူတွေ ဖြစ်တယ် ပေ့ါ။ ညှိ့စာရင်းလည်း တိုင်ရတယ် အဲဒီလိုကောက်ပေမယ့် လာကောက်တဲ့အခါမှာတော့ ရပ်ကွက်လူကြီးလည်း ပါတယ် ရဲလည်းပါတယ် စစ်တပ်လည်းပါတယ် လဝကလည်းပါတယ်”** လို့ သူက ပြောပါတယ်။

စစ်ကောင်စီဟာ ပြီးခဲ့တဲ့ ရက်ပိုင်းတွေကလည်း ရန်ကုန်တိုင်း အတွင်းက မရမ်းကုန်း၊ ကျောက်မြောင်း၊ သာကေတ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ မြောက်ဥက္ကလာ၊လှိုင်၊ ယုဇနဥယာဉ်မြို့တော်တွေက ရက္ခိုင်လူငယ် ၅ဝ ထက်မနည်းကို ဖမ်းဆီးတာတွေရှိခဲ့တယ်လို့လည်း ဆိုပါတယ်။

ဒီလို အကြောင်းအရာကိုမသိပဲ နာမည်စာရင်းတွေ နဲ့ နေရပ်လိပ်စာတွေ အတိအကျ ကောက်ယူနေတဲ့ အပေါ်မှာလည်း ရန်ကုန်မှာ ရှိနေတဲ့ ရက္ခိုင် လူမျိုးတွေ အနေ နဲ့ စိုးရိမ်မှုတွေလည်း ရှိနေကြတယ်လို့ ဆိုပါတယ်။

သာ ကေ တ မြို့ န ယ် အ တွ င်း မှာ ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦး က “ကျနော်တို့အိမ်ကိုလည်း လာကောက်တယ် စရင်းကတော့ ဘာအတွက်လို့တော့ မပြောဘူး။ စိုးတော့ စိုးရိမ်မှု ရှိတာပေ့ါဗျာ။ ဘာဖြစ်မယ်မှန်းလည်း မသိတော့။ ကျနော်တို့က ဘာနိုင်ငံရေးမှလည်း မသိဘူး ကိုယ့်အလုပ်ပဲ ကိုယ်လုပ်နေတာဆိုတော့။ ကျနော်တို့ ရပ်ကွက်ထဲမှာတော့ အဲလို ဖမ်းတာတော့မရှိဘူး။ ဖမ်းတယ်လို့တော့ ကြားတယ် ရက္ခိုင်တွေကိုလို့။ စာရင်းလာကောက်တာပဲ ရှိသေးတယ် အခုကတော့” လို့ သူက ပြောပါတယ်။

တစ်ဖက်မှာလည်း စစ်လော်ဘီတွေဟာ ရက္ခိုင်စစ်မြေပြင်မှာ စစ်ရေးအရှုံးနဲ့ ဆက်တိုက်ရင်ဆိုင်လာရတာနဲ့အတူ ရန်ကုန်ကို ရောက်နေတဲ့ ရက္ခိုင်ပြည်သူတွေ နဲ့ ဗမာလူမျိုးတွေကို လူမျိုးရေးပြဿနာဖြစ်အောင် ဝါဒဖြန့်တာတွေ ရှိနေသလို ရက္ခိုင်တွေ နေထိုင်တဲ့ နေရာတွေကို စစ်ကောင်စီသတင်းပေး ဒလန်တွေက လိုက်လံရှာဖွေကာ သတင်းပေးတာတွေလည်းရှိနေတယ်လို့ ဆိုကြပါတယ်။

# ရန်ကုန်မှာ တစ်လအတွင်း လူ ၄ဝဝကျော်ကို စစ်ကောင်စီ ဖမ်းဆီး

ရန်ကုန်တိုင်းအတွင်းမှာ စစ်ကောင်စီရဲ့ ဖမ်းဆီးမှုတွေကြောင့် ဇန်နဝါရီလအတွင်းမှာတင် လူပေါင်း ၄၇၅ဦး ဖမ်းဆီးခံလိုက်ရတယ်လို့ Rangoon Scout Network(RSN) ကထုတ်ပြန်လာပါတယ်။

RSNအနေနဲ့ ဇန်နဝါရီလအတွင်းမှာ စစ်ကောင်စီရဲ့ အဖမ်းအဆီးဖြစ်စဉ် ၂ဝဝ ခန့်ကို သိရှိခဲ့ရပြီး၊ အဲ့ဒီဖြစ်စဉ်တွေထဲက ဖြစ်စဉ် ၅၃ခုကိုတော့ အတည်ပြုနိုင်ဖို့ စုံစမ်းနေဆဲဖြစ်တယ်လို့ ဆိုပါတယ်။

စစ်ကောင်စီက လမ်းမပေါ်တွေ့ရာ လိုက်ဆွဲလို့ ဖမ်းဆီးခံရသူဦးရေမှာ ၂၄၁ ဦးရှိခဲ့ပြီး၊ ၃ဦးသာ ထွက်ပြေးလွတ်မြောက်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။


ရန်ကုန်မှာ ရှိနေတဲ့ သာကေတမြို့နယ်အတွင်းမှာ နေထိုင်နေတဲ့ ရခိုင်ဒေသခံတ စ် ဦး ပြော တာ က ” ဖ မ်း တာ တော့ တော်တော်ဖမ်းခံရတယ် သာကေတ ၊ ယုဇန မြို့တွေထဲက ရွှေပန်းထိမ်လုပ်နေတဲ့အိမ်က ကောင်းလေးတွေ တော် တော် များ များ ဖ မ်း ခံ ရ တာ ရှိ တယ် သူတို့ ထုတ်ပြန်တဲ့ စာရင်းတွေ တောင် နည်းရင်းနည်းဦးမယ်။ ဖမ်းတာက ညှိ့စာရင်းအကြောင်းပြချက်ပြီးတော့ ရက္ခိုင်ဖြစ်နေလို့ဖမ်းခံရတာတွေ ရှိတယ်။ ည ၉ နာရီဆိုရင် လမ်းထွက်မရဘူး တွေ့ရင်ဖမ်းတယ်လို့” သူကဆိုပါတယ်။

ညှိ့ စာ ရ င်း စ စ် ပြီး ဖ မ်း ခေါ် ခံ ရ သူ ၇၇ ဦး၊ လမ်းမပေါ် သွားလာနေစဉ် စစ်ဆေးခံရပြီး ဖမ်းခံရသူ ၅၈ ဦး၊ သတင်းအတိအကျဖြင့် ရှာဖွေဖမ်းဆီးခံရသူ ၅၁ ဦးနဲ့ စစ်မှုထမ်းစာရင်းပါလို့ ဖမ်းခေါ်ခံရသူ ၄၈ ဦး ရှိတယ်လို့လည်း ဆိုပါတယ်။

ဒ့ါအပြင် တော်လှန်ရေးရဲဘော်တွေလို့ဆိုပြီး အမည်တပ်ခံရလို့ လိုက်လံဖမ်းဆီးခံရသူ ၁၇ ဦး၊ အွန်လိုင်းပေါ်မှာ လှုံ့ဆော်စာတွေ ရေးသားလို့ ဖမ်းဆီးခံရသူ ၁ ဦး၊ စစ်ကောင်စီက YBS ကားပေါ်တက်ပြီး ဖမ်းဆီးတဲ့ ဖြစ်စဉ် ၂ ခုမှာလည်း ဖမ်းဆီးခံရသူ အမျိုးသား ၂၄ ဦး ရှိခဲ့တယ်လို့ ထုတ်ပြန်ထားပါတယ်။

ယခုဖော်ပြထားတဲ့ စာရင်းအရေအတွ က် တွေ ဟာ ခွဲ ခြ မ်း စိ တ် ဖြ ာ တွက်ချက်မှုတွေအရ အတည်ပြု သိရှိခဲ့ရတဲ့ ဖြစ်စဉ် ၁၄၇ရဲ့ စာရင်းဖြစ်တယ်လို့လည်း အသိပေးထားပါတယ်။

စာ ရ င်း အ ရေ အ တွ က် တွေ ကို တော့ RSN၊ ချိတ်ဆက်အဖွဲ့အစည်းတွေနဲ့ မီဒီယာတွေရဲ့ သတင်းတွေကို ကိုးကားပြုစုတွက်ချက်ထားတာသာဖြစ်ပြီး၊ လက်တွေ့မြေပြင်အခြေအနေမှာ ယခုထက် ပိုပြီးဆိုးရွားနိုင်တယ်လို့လည်း ထုတ်ပြန်ထားပါတယ်။



# သမိုင်းထဲက ရမ္မာဝတီ




**Arakha Times**

အကာလ ညအမှောင်မှာ ကျဆုံးခဲ့ ကြတာ မဟုတ်ပါ။ နေမင်းကြီး အလင်းရောင်ကို အခွင့်ရေးတစ်ရပ်လို အသုံးချကာအနားယူချိန် နေ့လည် ၁ နာရီမှာ အငြိုး ကြီး ကြီး ဖုံးမိုးကြဲချခဲ့တာ။တောင်တွေပတ်လည်ဝိုင်း၊ ရေတွေ ပတ်လည်ဝိုင်း ထားတဲ့ ရမ်းဗြဲရဲ့ မတူကွဲပြားတဲ့ လူမျိုးတွေ စုပေါင်း နေထိုင်တဲ့ တိုက်နယ်။ ကျောက်နီမော် တဲ့။

အမြန်ရေယဉ်စီးပြီးသွားရင် ဆိုက်ဆိုက် နေတဲ့ ဆိပ်ကမ်းလေး။ ဂဏန်းနဲ့ ဒေသထွက်သားငါးတွေ လှိုင်လှိုင်ပေါတဲ့အရပ်။ ရက္ခိုင်ခေတ်သစ်သမိုင်းမှာ သီတာထွေးက အစပြုပြီး ပဋိပက္ခတွေ အစပြုခဲ့တဲ့ အရပ်မို့ မသိသူ မရှိသလောက်ပါပဲ။

ရမ်းဗြဲကို တိုက်နယ်တွေနဲ့ ဖွဲ့စည်းထားတယ်။ ရမ်းဗြဲဟာ ကဿပမြတ်စွာ ဘုရားရှင် လက်တော်က အစပြုခဲ့တယ်။ ရဟန္တာငါးရာနဲ့ ဒေသစာရီ ပင်လယ်ခရီး ကြွချီရာ ဝမ်းဘဲငှက်သဏ္ဍာန် ဒီကျွန်းကို မြင်တော်မူရာ က ကောင်းကင်ယံမှ ဆင်းသက် ရပ်တန့်တော်မူပြီး သာသနာတော်စည်ပင် ပွင့်လင်းဖို့ ဗျာဒိတ်တော် မိန့်ခဲ့တယ်။ တနည်း အားဖြင့် ရမ္မာဝတီလို့ ခေါ်ပြန်တယ်။ ရမ္မာ "မွေ့လျော်ဖွယ်ကောင်းသော၊ ဝတီ "ပြည့်စုံခြင်း" အဓိပ္ပာယ် သက်ရောက်မှုနဲ့ ရမ်းဗြဲဟာ ရမ္မာဝတီအဖြစ် တည်ရှိခဲ့တယ်။

ရန်သူ့လက်ပါးစေတွေ ဖုံးကြဲချလိုက် တဲ့ ရမ်းဗြဲဟာ ဧရိယာ ၁,၃၅၀ စတုရန်းကီလိုမီတာ (၅၂၀ စတုရန်းမိုင်) နဲ့ မြန်မာနိုင်ငံရဲ့ အကြီးဆုံးကျွန်း၊ အာရှမှာ ဒုတိယအကြီးဆုံးဖြစ်တဲ့ ဝမ်ဗိုက်ဒီရေတော၊ ဒုတိယကမ္ဘာစစ်အတွင်းက ဒီရေတောထဲမှာ ဂျပန်စစ်တပ်ကြီး ပျောက်သွားတယ်ဆိုတဲ့ ရမ်းဗြဲလေ။

တော၊ တောင်၊ မြစ်၊ ချောင်းတွေ ပေါပါဘိ။ ပင်လယ်ကမ်းခြေ ကျယ်ပါဘိ၊ သားငါး သီးနှံပေါပါဘိ။ ဒေသခံတွေရဲ့ စကားတွေက နာဝင်ချိုသာစွာ ရမ်းဗြဲသံ၊ ရမ်းဗြဲဟန် နဲ့ ရမ်းဗြဲမာန် အပြည့်ပါပဲ။ ရမ်းဗြဲဆားလောင်းကြီးတွေသာ ကြီးတာမဟုတ်ဘူး။ ရမ်းဗြဲသူ၊ ရမ်းဗြဲသားတွေဟာလည်း လူ ကောင်ထွားထွားတွေ။

ရမ်းဗြဲဟာ သမိုင်းနဲ့ပါ.... ကဿပမြတ်စွာဘုရားရှင် ဗျာဒိတ်တော်ပေးခဲ့တယ်။ နားမွေးတော်စေတီနဲ့ စိန်တောက်ချောင်းနံဘေးမှာ လွမ်းစရာ ပုံပြင်တွေနဲ့ ဟုတ်ပါတယ်။ ရမ်းဗြဲဟာ သမိုင်းနဲ့ပါ။

ရတနာသုံးပါးကို ဦးထိပ်ပန်၊ ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲတဲ့ ကံတိုင်းတိုက်နယ်၊ အတွင်းပြင်ရွာသူကလေး မဲကျီ။ ကံကြမ္မာ လှည့်ပြောင်းချင်လာတော့ မမျှော်လင့်ဘဲ ရခဲ့တဲ့ ပ တ္တ မြား ။ ဒီ ပ တ္တ မြား ကြော င့် ကျေးတော
သူလေးရဲ့ ဘဝဟာ မြောက်ဦးရွှေနန်းတော်အထိ ပေါက်ကြား ။ သာမန်ဆို ဘုရင့်ဆုတော် လဘ်တော်တွေ ပေးရင် ရသား။ ဒါပေမယ့် ပတ္တမြားကို ဘုရင်သိမ်းတော့ ခဏချင်း ပိုင်ရှင် စစ်ဆီကို ပြန်ပြန်ရောက်ခဲ့တယ်။ လူရော ပတ္တမြားပါ ရွှေနန်းတော်သို့ ဆက်ကပ်။ မိဖုရားရဲ့ နာမည်က ပတ္တမြားဒေဝီစိုးမဲကျီလို့ တွင်တယ်။

ရ က္ခို င် သ မို င်း မှာ ဘု ရား တ ည် ၊ ကျောင်းဆောက်၊အလှူအဒါန်းသမိုင်းမှာ ပတ္တမြားဒေဝီ မိဖုရား လောက် ခမ်းနားတာ မရှိလို့ဆိုရမလိုပါပဲ။ ဒီထက် ပြည်သူတွေ ချစ်ခင်၊ ကြင်နာခဲ့ကြတာက မိဖုရားကြီးရဲ့ သစ္စာတရားပါပဲ။ ကောင်းမှုတော်စေတီတည်ဖို့ ငယ်ကကျွမ်းခဲ့ဖူးသူ ပန်းရံဆရာရွှေသီးကို နန်းတော်သို့ ဆင့်ခေါ်ရာက မမျှော်လင့်ဘဲ ပြေလျော့ခဲ့တဲ့ ဝတ်ရုံတော်။ ငယ်ချစ်သူကို ရုပ်တရက် မော်ဖူးခဲ့သူက ရွှေသီး။ ကုန်းချောသူတို့ရဲ့ အကြံအစည်။ ဘုရင်ရဲ့ တစ်ချက်လွှတ်အမိန့်တော်က ထို ချစ်သူနှစ်ဦးကို "သတ်စေ"။

စိန်တောက်ချောင်းရေပြင်မှာ ငှါခန္ဓာ ရေဆီတက်ပြီး သစ္စာကို အသက်နဲ့ ရင်းပြခဲ့တဲ့ မိဖုရား။ မိဖုရားရဲ့ သစ္စာဟာ ရမ္မာဝတီတိုက်နယ်ကနေ အာရက္ခလွင်ပြင်မှာ ပျံ့လွင့် လွမ်းမောခဲ့ရတယ်။ အာရက္ခကလေးတွေရဲ့ အိပ်ရာဝင် ပုံပြင်တစ်ပုဒ်။ ရမ်းဗြဲဟာ သမိုင်းနဲ့ပါ။

"အင်း၊ ဗန်း၊ မျက်၊ ညောင်၊ ကိုရံတောင် ၊တောင်ရံငါးလုံး၊ ပိတ်ဖုံကွယ်ကာ၊ မြို့ရမ္မာ အောင်းတောင်၊ ဗဟန်းတောင်၊ ရေမျက်တောင်၊ ညောင်တောင်၊ ကိုရံတောင် စတဲ့ တောင်ရံကြီး ငါးလုံးနဲ့ မြို့ကို ပိတ်ဖုံးကာကွယ်ထားတဲ့ ရမ္မာဝတီမြို့။ အတိတ်ကို ပြန်ကြည့်လိုက်ရင် မိဖုရားကြီး ပတ္တမြားဒေဝီလို နောက်ထပ် မိဖုရားတစ်ပါးရဲ့ ဘဝကလည်း နာကြင်ဖွယ်ဇာတ်လမ်းနဲ့ အတိတ်ကို ဖွင့်ပြနေတဲ့ ရမ်းဗြဲ။

မြောက်ဦးရဲ့ နောက်ဆုံး ရက္ခိုင်တို့ရဲ့ နောက်ဆုံး ဘုရင်မဟာသမ္မတရာဇာမင်းကြီးနဲ့ မိဖုရားမြသန္တာတို့ရဲ့ ဇာတိ။ ၁၁၄၆ခု၊ ပြာသိုလဆုတ် ၇

ရက် တိုင်းပြည်အချုပ်အချာအာဏာ ကျဆုံးတဲ့အချိန် ဘုရင်နဲ့ မိဖုရားအပါ ဝင် မင်းညီ၊ မင်းသားအားလုံး အမရပူရ ကို ပါတော်မူ။

ဘိုးတော်ဘုရားရဲ့ ဖိအားပေးမှုနဲ့ ငယ် ကချစ်သူ လင်ယောျ်ကို အသပြာ ၁၀၀၀ နဲ့ ကွာရှင်းပြတ်စဲခြင်း ခံလိုက် ရတဲ့ မိဖုရား။ စစ်ရှုံးဘုရင်တစ်ပါး အပေါ် နိုင်ထက်စီးနင်းလုပ်မှုတွေအထဲ မှာ ဒီလိုမျိုး အတင်းအဓမ္မ ကွာရှင်း ခိုင်းပြီး မိဖုရားကို သိမ်းပိုက်လိုက်တာ ဟာ လူမျိုးတစ်မျိုးပေါ် ဂုဏ်သိက္ခာ အရ ချိုးနှိမ်လိုက်တာပါပဲ။ သူတပါး တိုင်းပြည်မှာ စစ်ရှုံးဘုရင်အဖြစ်နဲ့ ဘဝနိဂုံးချုပ်၊ သက်တော်အရွယ်ရလာ တဲ့ မိဖုရားက ကိုယ့်ပြည်ရွာမှာ သေ လိုပါ၏လို့ တောင်းပန်လျှောက်ထားမှ ပြည်တော်ပြန်ခွင့်ပြု။ ကိုယ်ရံတောင် မှာ မိဖုရားရဲ့ အရိုးဂူ ဖြူဖြူကလေးဟာ ရမ္မာဝတီနဲ့ ရက္ခိုင်တို့ရဲ့ နှလုံးအိမ်ထဲမှာ မျက်ရည်အတိ ပြီးစေခဲ့တယ်။

ပတ္တမြားဒေဝီနဲ့ မြသန္တာမိဖုရားတို့ဟာ ဘာကြောင့် ဘဝတွေ နာကြင်ခဲ့ရပါလဲ။ ရမ်းဗြဲသူ မိဖုရားနှစ်ပါးရဲ့ ကြံကမ္မာတွေ က ဘာကြောင့်များ တိုက်ဆိုင်နေရတာ လည်းလို့ စဉ်းစားမိလေ လွမ်းမောလေ။ လွမ်းမောမိလေ… စိတ်ထဲ နာကြင်ရပါ လေ။ ရမ်းဗြဲဟာ သမိုင်းနဲ့ပါ။

ပထမအင်္ဂလိပ်မြန်မာ စစ်ပွဲပြီးတော့ ရ က္ခိုင်ပြည်ဟာ အင်္ဂလိပ်လက်အောက် ကို ရောက်သွားခဲ့တယ်။ အဲဒီတုန်းက ရမ်းဗြဲဟာ ခရိုင်မြို့အဖြစ်နဲ့ ရှိခဲ့ပြန် တယ်။ ရမ်းဗြဲဟာ စာပေ၊ ယဉ်ကျေးမှု တွေနဲ့ ဒေသရိယတွေ ပေါကြွယ်တဲ့ အရပ်။ ရက္ခိုင်တို့ရဲ့ သမိုင်းမှာ "ရက္ခိုင် ရာဇဝင်သစ်ကျမ်း" ကို ရေးသားခဲ့တဲ့ ရမ်းဗြဲတောင်ကျောင်းဆရာတော်ကြီး လို ကျမ်းပြုပုဂ္ဂိုလ်ကျော်တွေ ထွက် ပေါ်တဲ့ ဒေသ။ ရိုးရာလှေပြိုင်ပွဲတွေနဲ့ ဒေသအလိုက် ဇမ်းကဗျာတွေ ကြွယ်တဲ့ အရပ်။

"အပှာတ်ရာကော၊ မှန်ပါယင့်လား၊ ပုလင်းဖြူမှာ၊ ရီကိုထည့်ပိုင်၊ ဇီတည့် မြင်ရေ၊ ပွင့်ညီညီနှင့် ပျိုချေမောင်ကို၊ ဟေမဝန်၊ နိုင်ငံတောမှာ၊ နတ်လည်း ယူ၊ လူလည်းသုံးကော၊ မြတ်ပန်းကုံး ပိုင်"(မ)


ပုံ – ရမ်းဗြဲနယ်ရှိ သမိုင်းဝင်မိဖုရားစောမဲကျီ၏အရိုးဂူ

"မောင်လွမ်းရေကော၊ ပျိုချေမေလေ၊ ယင်းပုချေမှာ၊ အံကိုရွှံ့ဗျာ၊ ကဲ့ရဲ့ ရေလား၊ လွမ်းမပြေကော၊ ပျိုချေမေ လေ၊ တစ်ရွာသူလေ၊ ဖြူပုလဲ သက် ခဲမေလေ၊ လွမ်းမပြေ၊ ပျိုချေမောင် ကား၊ ဟေမဝန်၊ နိုင်ငံတောမှာ၊ နတ် လည်းမယူ၊ လူလည်းမကောက်တော၊ ပန်းခြောက်ဘိုးရာ။" (ကျား)။ ရမ်းဗြဲ ဟာ သမိုင်းနဲ့ပါ။ ပန်းရံ၊ ပန်းထိမ်၊ ပန်းပုအတတ်ပညာတွေ တစ်ဖက် ခတ်အောင် ကျွမ်းကျင်စွာ တတ်ကြ တဲ့ ရမ်းဗြဲ။ ရမ်းဗြဲဟာ သမိုင်းနဲ့ပါ။

အခုတော့ ရမ်းဗြဲအပေါ်က ဝဲ…ဝဲပျံ ကြတဲ့ လူသတ်သမားတွေအောက် မှာ ရမ်းဗြဲဟာ ရစရာမရှိအောင် ပြိုပျက်။ ရမ်းဗြဲရဲ့ မျက်ရည်တွေ က ခမ်းဖို့ ခက်လိုက်တာ။ ရမ်းဗြဲရဲ့ နာကျည်းမှုတွေက ဖြေသိမ့်ဖို့ ခက် လိုက်တာ၊ ရမ်းဗြဲရဲ့ အသက်ရှူသံက ရှိုက်သံသက်သက်နဲ့ ခံရ ခက်လိုက် တာ။

မီးလောင်ပြင်ထဲက အော်ဟစ်ညည်း သံသံတွေ၊ ကျိန်ဆဲသံတွေ၊ အသားစ ငုတ်တိုလေးတွေ၊ ပွင့်ထွက်နေတဲ့ ဒဏ်ရာဒဏ်ချက်တွေ ဆို့နင့် နေ တဲ့ ရှင်သန်ကျန်ရစ်သူတွေအတွက် ဘယ်ဆုကိုများ တောင်းပေးရမှာ လဲ။ ရမ်းဗြဲ ဟာ သမိုင်းနဲ့ပါ။

စစ်မက်မရှိတဲ့အရပ်နေ့လည်နေ့ခင်း အနားယူကြတဲ့ အချိန် မသတီစရာ လူအန္ဓတွေက အဆင်မခြင်မဲ့ သူရဲ ဘောကြောင်စွာ လက်နက်အားကိုး ဖုံးမိုးရွာချလေတော့ ခံရခက်လိုက တာ ရမ်းဗြဲရယ်…။

မီးထဲ ပါသွားတဲ့ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ၊ ရှင်ကျန်ရစ်တဲ့ သူတွေရဲ့ ခံစားချက်တွေ ဘယ်တော့ မှ ဖြေပျောက်တော့မှာလဲ ရမ္မာဝတီ။ မိဖုရားကြီး ပတ္တမြားဒေဝီကစလို့ မိဖုရားမြသန္တာအရိုးဂူ၊ ကျောက်နီမော် သူ သီတာထွေး အုတ်ဂူအဆုံး ရမ်းဗြဲ ဟာ သမိုင်းတစ်ခု တာဝန်ကျေပွန်ခဲ့ပါ ပြီ။

တစ်နေ့တော့ မီးသင့်နေတဲ့လက်တွေ၊ အမြောက်ဆန်ထိထားတဲ့လက်တွေ နဲ့ ရမ်းဗြဲရဲ့ သမိုင်းသစ်ကို အတူတူ ရေးကြတာပေါ့။ ရမ်းဗြဲရဲ့ ကျေးလက် ကဗျာတွေကို ဆို့နင့်စွာ အတူဆိုကြ တာပေါ့။ ရမ်းဗြဲရဲ့ ပြာအတိလွင်ပြင် ကို ခမ်းနားစွာ တည်ဆောက်ကြ တာပေါ့။ အခုတော့ ဖြေသိမ့်စရာ မရှိ သေးလို့ပါ……… ချစ်ရတဲ့ ရမ္မာဝတီ ရယ်…..

အားပေး နှစ်သိမ့်စရာ စကားလုံး ရှာမ တွေ့သေးလို့ပါ ရမ်းဗြဲရယ်…။

**လူဇော် ရေးသားသည်။**

# ARSAနဲ့ အပေါင်းအပါတွေ ဘယ်လောက်သက်ဆိုးရှည်နိုင်မလဲ

Coastal News Agency

ARSA တွေအနေ နဲ့ ရိုဟင်ဂျာတွေကို အသိအမှတ်ပြုဖို့အတွက် တိုက်ပွဲဝင်ခဲ့ကြသူတွေဖြစ်တယ်လို့လည်း သူတို့က သတင်းစာတစ်ခုကို ပြောထားခဲ့တာရှိပါတယ်။ အာရကန် ရိုဟင်ဂျာကယ်တင်ရေးတပ် (Arakan Rohingya Salvation Army) ဟာ လက်ရှိမှာ တော်လှန်ရေးတပ်ဖွဲ့တွေနဲ့ အရပ်သားပြည်သူတွေကို တိုက်ခိုက်တဲ့ အနှောက်အယှက် တစ်ရပ်ကိုပေးနေတယ်ဆိုပေမဲ့ ဘယ်လောက်ထိ သက်ဆိုးရှည်မလဲဆိုတာ တွေးတောစရာတစ်ခုဖြစ်ပါလာခဲ့ပါတယ်။

တကယ်တော့ ဒီအဖွဲ့ဟာ ၂၀၀၀ ခုနှစ်လောက်ကတည်းကပင် စတင်ပြီးတော့ ဘင်္ဂါလားဒေ့ရှ် ကနေပြီးတော့ စတင်စုစည်းခဲ့ကြတာ ဖြစ်ပြီး အဲဒီအချိန်က ရက္ခိုင်ပြည်ကို သိမ်းဖို့ဆိုတဲ့ ရည်ရွယ်ချက်တစ်ခု သာရှိခဲ့တာဖြစ်ပြီး နာမည်တောင်မပေးရသေးတဲ့ အဖွဲ့တစ်ခုလည်းဖြစ်ပါတယ်။အဲဒီနောက်မှာတော့ ၂၀၁၃ ခုနှစ် လောက်မှာ အင်အား အနည်းအကျဉ်းရှိလာခဲ့ပါတယ်။ ကျေးရွာတွေထဲမှာ သူတို့ကိုအားပေးထောက်ခံတဲ့ သူတွေဟာလည်းများ လာခဲ့ တယ်။

အဲဒီနောက်မှာ စည်းရုံးရေးတွေကိုလည်း အင်တိုက်အားတိုက်လုပ်လာခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၂ ခုနှစ်မှာ သူတို့ရဲ့ သွေးထိုးလှုပ်ဆော်မှုတွေကြောင့် ဘင်္ဂါလီ (မွတ်ဆလင်) တွေဟာ တက်ကြွလာခဲ့ပါတယ်။ ဒီအချိန်မှာ ရက္ခိုင်ပြည်ကို သူတို့ အင်အားနဲ့ သိမ်းပိုက်လိုက်မယ်ဆိုရင် ရနိုင်တယ်ဆိုတာကိုလည်း ယုံကြည်လာခဲ့ကြပါတယ်။ မြို့တိုင်းရွာ တိုင်းမှာရှိတဲ့ ဘင်္ဂါလီ(မွတ်ဆလင်)တွေက ရရာလက်နက်နဲ့ တိုင်းရင်းသားကျေးရွာတွေကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ရင်ရက္ခိုင်ပြည်ကို သူတို့လက်ထဲ ထိုးအပ်ရမယ်လို့ယုံကြည်ခဲ့တဲ့အတွက် တိုင်းရင်းသားကျေးရွာတွေကို တစ်ပြိုင်တည်း တစ်ချိန်တည်းမှာ ဝင်ရောက်တိုက် ခိုက်ခဲ့ပါတယ်။ အဲဒီလို အဲဒီလို အကြမ်းဖက်တိုက်ခိုက်ခဲ့တဲ့ အတွက် တိုင်းရင်းသားအများအပြားဟာလည်း သေဆုံးခဲ့ရပါတယ်။




တစ်ဖက်မှာလည်း ရဲကင်းစခန်းတွေကို လည်း တိုက်ခိုက်ခဲ့ တာတွေကိုပါ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီအချိန်က စစ်တပ်ရဲ့နှိပ်ကွပ်မှုကြောင့် လက်နက်

ကိုင်အကြမ်းဖက်သမားတွေဟာလည်း

အများအပြားသေဆုံးခဲ့ရပါတယ်။ သူတို့ဟာ လက်နက်ကိုင် အကြမ်း ဖက်အဖွဲ့နဲ့

ပူးပေါင်းပြီး တိုက်ခိုက် ခဲ့တဲ့အတွက် ဘင်္ဂါလီ(မွတ်ဆလင်)အတော်များများဟာ သူတို့ရဲ့ လုပ်ရပ်ကို သူတို့စိုးရိမ်ပြီး ဘင်္ဂလားဒေ့ရှ် ကို ထွက်ပြေးခဲ့ကြတာလည်းဖြစ် တယ်။

ဒီလို အပြစ်လုပ်ခဲ့တဲ့အတွက် ကိုယ့်လုပ်ရပ်ကိုကိုယ် စိုးရိမ်မှုတွေလည်းဖြစ်လာခဲ့ပါတယ်။ ဘယ်ရွာမှာ ဘယ်သူဦးဆောင်တယ်၊ ဘယ် သူတွေပါတယ်ဆိုတာကို အားလုံးသိကြတဲ့အ တွက် ထွက်ပြေးခဲ့ကြတာလည်းဖြစ်တယ်။

ဒါပေမဲ့သူတို့ရဲ့ အထင်နဲ့ အမြင်ဟာ တကက်တက်စင်အောင်လွဲမှားသွားခဲ့ပါတယ်။ စစ်ကောင်စီရဲ့ နှိမ်နှင်းခြင်းကိုလည်း ခံခဲ့ရတယ်။ လက်နက်ကိုင်တော်လှန်တဲ့ သူတွေ အကုန်လုံးကို စစ်ကောင်စီကလည်းသုတ်သင်ခဲ့ပါတယ်။ အမြစ်ပြတ်အောင် မချေမှုန်းနိုင်ခဲ့တဲ့ အတွက် ဘင်္ဂလားဒေ့ရှ်ကို ရောက်ရှိသွားတဲ့ လက်နက်ကိုင်အကြမ်းဖက်တွေကလည်း တဖြေးဖြေး ပြန်လည်စုစည်းခဲ့ကြပါတယ်။

အခုဖြစ်နေတဲ့ ICC က တရားစွဲတယ်ဆိုတာ အဲဒီအချိန်က စစ်တပ်ရဲ့လုပ်ရပ်တွေကို ဖော်ထုတ်ခဲ့တာလည်းဖြစ်ပါတယ်။ သူတို့ဟာ နိုင်ငံတော်ရဲ့ဖိနှိပ်မှုကို ကာကွယ်မယ်ဆိုတဲ့ စကားလုံးကို သုံးနှုန်းခဲ့ပေမဲ့ တကယ့်လက်တွေမှာ နယ်မြေစိုးမိုးရေး ဝါဒနဲ့ ရိုဟင်ဂျာဆိုတဲ့ အမည်နာမ တစ်ခုကို ခိုင်မာစေချင်ခဲ့တာပါ။ဒီလိုခိုင်မာအောင် အတွက်လည်း အနောက်နိုင်ငံအများစုက ထောက်ခံအားပေးခဲ့သလို ဒီနေ့အထိ ထောက်ခံအားပေးသုံးနှုန်းနေတာတွေကိုလည်းတွေ့နေ ရဆဲဖြစ်ပါတယ်။

အဲဒီနောက် ၂၀၁၆ ခု နှစ်လောက်မှသာ သူတို့တွေ တစ်ကျော့ပြန် ပြန်လည်စတင်လှုပ်ရှားလာခဲ့ကြပါတယ်။ ဒီလှုပ်ရှားလာတာ ကလည်း သူတို့ကိုထောက်ပံ့ပေးနေတဲ့ အဖွဲ့ကို ပြသတဲ့ သဘောသာဖြစ်တယ်။ အဲဒါက ရခအရာရှိ ကိုးဦးကို သတ်ဖြတ်လိုက်တဲ့ ကိစ္စ

ရပ်ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်ကလည်း မောင်တောမြို့နယ်၊ မောင်နှမကျေးရွာ အနီးမှာ ကင်းလှည့် နေတဲ့ စစ်ကောင်စီ ယာဉ်တန်းကို တိုက်ခိုက်ခဲ့တယ်လို့ ARSA က ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ တိုက်ခိုက်မှုမှာ စစ်ကောင်စီတပ်သား ၇ ဦးသေဆုံးခဲ့တယ်လို့လည်းသိရတယ်။

ဒါပေမဲ့ အဲဒီနောက်ပိုင်းမှာ စစ်ကောင် စီ တပ်သားတွေနဲ့ သူတို့နဲ့ ပူးပေါင်းလာခဲ့ပြီး မောင်တောမြို့နယ်မြောက်ပိုင်း မှာ အခြေကုတ် ယူခဲ့ပါတယ်။ AA ကိုလည်းတိုက်ခိုက်မှုတွေရှိလာခဲ့ပါတယ်။ ဒါကြောင့် AA အနေ နဲ့ သူတို့ရဲ့ယာယီစခန်း တွေကို တိုက်ခိုက်မှု တွေ လုပ် ဆောင် ခဲ့ ရ ပါ တ ယ်။ သဘောလ ၊ နံသာတောင်၊ တောင်ပြိုကျေးရွာ ပတ်ဝန်းကျင်တွေမှာ သူတို့နေထိုင်တဲ့ စခန်း တွေကို တိုက်ခိုက်သိမ်းပိုက်တဲ့ အချိန်မှာ မြန်မာစစ်ကောင်စီ တွေရဲ့ လက်နက်တွေနဲ့ အာဆာ အဖွဲ့အပြင်၊ ARA ၊ RSO အစရှိတဲ့ အဖွဲ့တွေရဲ့ လက်နက်တွေကိုပါ သိမ်းဆည်းရမိခဲ့ပါတယ်။

နောက်ဆုံးအနေအ ထားမှာ စစ်ကောင်စီ ဟာ AA ကို တိုက်ခိုက်လို့မနိုင်တဲ့အတွက် ARSA အဖွဲ့ကိုအပေးအယူတစ်ခုညှိနှိုင်းခဲ့ပြီး AA ကို စစ်ကောင်စီဖက်ကနေ စစ်ကူ တိုက်ပေးဖို့ လုပ်လာခဲ့ပါတယ်။

ဘူးသီးတောင် နဲ့ ရသေ့တောင်မြို့ တိုက်ပွဲတွေမှာ ARSA လက်နက်ကိုင် အဖွဲ့ အများ အပြား စစ်ကောင်စီဘက်က ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ ဒါဟာ သူတို့ရဲ့ နိဂုံးလားလို့ ပြောစရာဖြစ်လာပါတယ်။

တကယ်တော့ဒီလက်နက်ကိုင်သောင်းကျန်းလာတဲ့ ARSAနဲ့ အဖွဲ့တွေဟာ တိုင်းသူပြည်သားတွေ သွားလာလှုပ်ရှားနေချိန်မျိုးမှာ ခြုံခိုတိုက်ခိုက်မှုတွေရှိလာခဲ့ပါတယ်။ ရက္ခိုင်၊ မြို၊ သက်၊ ဒိုင်းနက်လူမျိုးတွေအပြင် ဘင်္ဂါလီ (မွတ်ဆလင်) တွေကိုပါ ပြန်ပေးဆွဲ၊ ငွေညှစ်မှုတွေကိုပါ ဆက်တိုက်လုပ်ဆောင်နေဆဲ ဖြစ်ပါတယ်။ မကြာသေးမီကလည်း ဘူးသီးတောင်မြို့နယ်က ရခိုင်တစ်ချို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ညှဉ်းပန်းနှိပ်စက်ထားတဲ့ Video



ဖိုင်တွေကိုလည်း ပြသခဲ့ပါတယ်။

လက်ရှိ မှာ AA (အာရက္ခတပ်တော်) ရဲ့ စိုးမိုးနယ်မြေထဲမှာ ဖြစ်နေတဲ့ကိစ္စရပ်တွေဖြစ်တာကြောင့် အာရက္ခတပ်တော်ကလည်း အပူတပြင်းလိုက်လံရှာဖွေ ရှင်းလင်းနေတယ် လို့လည်း သတင်းတွေမှာ ဖော်ပြထားတာတွေ့ရပါတယ်။

ဒ့ါအပြင် စစ်သွေးကြွမွတ်ဆလင်လက်နက်ကိုင်အဖွဲ့တွေဟာ ရခိုင်ဒေသတွင်းမှာသာမက ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းမှာလည်း အကြမ်းဖက်လုပ်ရပ်တွေကို ကျူးလွန်နေတာကြောင့် ပြည်သူတွေအတွက် စိုးရိမ်စရာဖြစ်နေပြီး နယ်စပ်တစ်လျှောက်မှာ ဒေသတည်ငြိမ်အေးချမ်းနှင့် လုံခြုံရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်တယ်လို့လည်း AA က ပြောဆိုထားပါတယ်။

ဒီသောင်းကျန်းသူ စစ်သွေးကြွတွေ ဟာ တချိန်က စစ်ကောင်စီကို တိုက်ခိုက်ခဲ့တဲ့သူတွေဖြစ်ပါတယ်။ နောက်ပြီး စစ်ကောင်စီဘက်ကလည်း ဘင်္ဂါလီ(မွတ်ဆလင်)တွေရဲ့ လွတ်လပ်စွာ သွားလာခွင့်တွေကိုတောင် ပိတ်ပင်တားဆီးထားခဲ့တာ တွေရှိခဲ့ပါတယ်။ ခရီးသွားလာခွင့်တွေကိုလည်း ပိတ်ပင်ထားခဲ့တဲ့အတွက် လှေစီးဒုက္ခသည်တွေအဖြစ် မလေးရှား နဲ့ တခြားနိုင်ငံတွေကို သွားရောက်ခဲ့ကြရပါတယ်။

အိမ်ထောင်စုစာရင်းတွေ ကောက်ယူခဲ့တဲ့အခါမှာလည်း လူမျိုးမှာ ရိုဟင် ဂျာတွေထည့်ဖို့နဲ့ မထည့်အတဲ့ အတွက် ကန့်ကွက် ဆန္ဒပြမှု တွေတောင် လုပ်ဆောင်ခဲ့ပါတယ်။ နိုင်ငံသားကဒ်ပေးမယ် ဆိုရင်တောင် မယူဘဲ ရိုတွေအဖြစ်နဲ့ နေလာခဲ့တဲ့ ဒီစစ်သွေးကြွတွေဟာ သူခိုးကို ဓါးရိုးကမ်းခဲ့ပြန်ပါတယ်။ ဒီလို အဘက်ဘက်က ဖိနှိပ်ခဲ့တဲ့ စစ်ကောင်စီကို အားပေးအားမြှောက်ပြု လုပ်ခဲ့တာဟာ မဟာအမှားကြီးတစ်ရပ်လို့ ဆိုနိုင်ပါတယ်။

လက်ရှိမှာ စစ်ကောင်စီကင်းမဲ့ဇုန်ဖြစ်တော့မဲ့ ရက္ခိုင်ပြည် ထဲမှာ အကြမ်းဖက်မွတ်ဆလင်တွေအနေနဲ့ ကြာကြာပုန်းနေဖို့ဆိုတာ လွယ်မယ်တော့မထင်ပါဘူး။ အင်အားကြီး ပါတယ်ဆိုတဲ့ စစ်ကောင်စီတပ်တွေကိုတောင် အနိုင်တိုက်ခိုက်နိုင်တဲ့ အာရက္ခတပ်တော်ရဲ့ တိုက်ခိုက်ရေးစွမ်းရည်ဟာ သောင်းကျန်းသူတွေ အတွက် တော့ သေမင်းတမန်လို့လည်း ပြောနိုင်ပါတယ်။

ပြည်သူတွေကို ဒုက္ခပေးနေသရွေ့ အာရက္ခတပ်တော်က လိုက်လံရှင်းလင်းနေ ဦးမှာလည်းဖြစ်ပါတယ်။ ဒီကြားထဲ မွတ်ဆလင်အသိုင်းအဝိုင်းအများစုကလည်း ဒီအကြမ်းဘက်တွေကို လက်မခံတဲ့သဘောတွေ တွေ့လာရပါတယ်။ မွတ်ဆလင် ဘင်္ဂါလီတွေ အချင်းချင်း နှစ်သက်မှုမရှိရင် သူတို့ဟာ သက်ဆိုးရှည်မယ် မဟုတ်ဘူးဆိုတာထင်ရှားနေပါတယ်။

တစ်ဘက်မှာ အနောက်ဘင်္ဂါလားဒေ့ရှ်နဲ့ ရက္ခိုင်ကြား ခြံစည်းရိုးကို ကျော်ပြီး ဝင်ထွက်သွားလာနိုင်တယ်ဆိုပေမဲ့ တောတောင်နေရာအနှံ့ကို ပိတ်ဆို့လိုက်မယ်ဆိုရင်တော့ ပြေးပေါက်ပျော က် သွား မှာ သေ ချာ ပါ တ ယ်။ လက်နက်ကိုင် ဘင်္ဂလီ (မွတ်ဆလင်) စစ်သွေးကြွတွေဟာ စစ်ကောင်စီရဲ့

လက်ကိုင်တုတ်အဖြစ် အာရက္ခတပ်တော်ကို တိုက်ခိုက်ဖို့ဆိုတာ ထက် စစ်ကောင်စီ အလိုကျ လုပ်ပေးနေဦးမယ်လို့သုံးသပ်ရပါမယ်။

ဒါကြောင့် ပြည်သူတွေအနေနဲ့ အထူးသတိထား နေထိုင်သွားလာကြဖို့လည်း လိုပါတယ်။ နယ်မြေလိုချင်လို့ နယ်မြေအတွင်းမှာ အနှောက်အယှက်အဖျက်အဆီးတွေဆက် လက်လုပ်ဆောင်နေဦးမှာဖြစ်တယ်လို့ ရှုမြင်သုံးသပ်မိပါတယ်။

မြေပြင်ပထဝီ အနေအ ထားကို ကြည့်ရင် ရက္ခိုင်ပြည် ဟာ တောတောင်ထူထပ် တဲ့ဒေသဖြစ်တာက တစ်ကြောင်း၊ နယ်စပ်တစ်လျှောက်မှာလည်း ခိုင်မာတဲ့ ခြံစည်းရိုးမရှိတာက တစ်ကြောင်းဖြစ်တာမို့ သောင်းကျန်းသူ စစ်သွေးကြွအနေနဲ့ လွယ်လင့်တကူ လှုပ်ရှားသွားလာနိုင်မှာဖြစ်တဲ့အတွက် နယ်စပ်အနီးတဝိုက်မှာ လူသတ်မှုတွေ၊ ပြန်ပေး ဆွဲမှုတွေ ဆက်လက်ဖြစ် ပေါ်နေအုံးမယ်လို့လည်း သုံးသပ်ရပါတယ်။

ဒါပေမဲ့ AA ရဲ့ သဘောထားနဲ့ လုပ်နိုင်စွမ်းအပေါ်မှာသာ မူတည်မှာဖြစ်ပါတယ်။

ဒါပေမဲ့ လက်ရှိမှာ စစ်ကောင်စီတပ်တွေ အမြစ်ပြတ်ရေးအတွက် တိုက် ပွဲဝင်နေကြရတဲ့ အာရက္ခတပ်တော်အနေနဲ့ ဒီအကြမ်းဖက် ဘင်္ဂလီ (မွတ်ဆလင်) လက်နက်ကိုင်တွေကို တိုက်ထုတ်ရှင်းလင်းဖို့ဆိုတာဟာလည်း အချိန်တစ်ခု ကို စောင့်ဆိုင်းရလိမ့်မယ်လို့ ထင်ပါတယ်။

လက်ရှိမှာ အာရက္ခတပ်တော်ဟာ ရက္ခိုင်ပြည် ထဲကမြို့အများစုကို သိမ်းပိုက်ထားပြီး ဖြစ်တဲ့ အပြင်ဘာသာမတူ၊ လူမျိုးမတူကြသူတွေနဲ့လည်း သင့်မြတ်တဲ့လက္ခဏာတွေကို တွေ့နေရပြီး ပြည်သူတွေကို ကူညီပေးနေတာကိုလည်း တွေ့နေကြရပါတယ်။ ဒါကြောင့် ပြည်သူတွေနဲ့ အာရက္ခတပ်တော်တို့ လက်တွဲညီညီ ပြည်နယ်တစ်ခုလုံး အေးချမ်းသာယာဖို့ အတွက် လုပ်ဆောင်ကြမယ်ဆိုရင် အားလုံး အတွက်အကျိုးယုတ်စရာမရှိ တဲ့အပြင် အာရက္ခပြည်တစ်ခုလုံးဟာ စိတ်လက်ချမ်းသာစွာ နေထိုင်ကြရ မှာဖြစ်ပါတယ်။

ခြုံပြီးပြောရရင်တော့ အင်အားမကြီးသေးတဲ့ ARSA ပါအဝင် အပေါင်းအပါလက်နက်ကိုင် သောင်း ကျန်းသူတွေအနေနဲ့ ဒီအချိန်မှာ အသိတရားရရှိပြီး လက်နက်စွန့်လို့ အေးချမ်းစွာနေထိုင်သွားကြမယ် ဆိုရင် တိုင်းရင်းသားတွေအတွက်ရော၊ ဘင်္ဂါလီ(မွတ်ဆလင်) လူမျိုးတွေအတွက်ပါ အကောင်းဆုံးသော အချိန်တစ်ခုဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ တကယ်လို့သာ အဲဒီလိုမဟုတ်ဘဲ အေးချမ်းမှုကို ဆက်လက်ဖျက်ဆီးနေမယ်ဆိုရင်တော့ သက်ဆိုးရှည်မှာမဟုတ်ဘူး လို့လည်း သုံးသပ်မိပါတယ်။

**ညိုမောင်ရေးသားသည်။**

# စစ်ကောင်စီကို သက်ဆိုးရှည်စေသည့် ထောက်တိုင်တွေက ဘာတွေလဲ

**Arakha Times**

မကြာခင်အချိန်တွင် စစ်အာဏာသိမ်းမှု (၄) နှစ်ပြည့်တော့မှာ ဖြစ်ပါသည်။ အာဏာသိမ်းပြီးနောက် ပေါ်ထွက်လာသည့် နွေဦးတော်လှန်ရေးသည်လည်း (၄) နှစ်ပြည့်တော့မှာ ဖြစ်ပါသည်။ စစ်အာဏာသိမ်းမှု အစပိုင်းတွင် လူထုဆန္ဒပြ လှုပ်ရှားမှု အားကောင်းခဲ့သော်လည်း အခုချိန်တွင် မှေးမှိန်လာပြီး လူတချို့သည်လည်း လက်နက်ကိုင် လမ်းစဉ်များကို ရွေးချယ်ပြီး စစ်အာဏာရှင်ကို တော်လှန်နေကြသည်။



မြန်မာနိုင်ငံက စစ်အာဏာရှင်စနစ်သည် လွတ်လပ်ရေး ရပြီးကတည်းက အမြစ်တွယ်နေသည်မှာ ယနေ့ချိန်ထိပင်ဖြစ်သည်။ ဗမာမဟာလူမျိုးကြီးဝါဒ နှင့် အာဏာရှင်စနစ်ကို ကျားကန်ပေးခဲ့ကြသော (၁၉၄၇) ဖွဲ့စည်းပုံ၊ (၁၉၇၄) ဖွဲ့စည်းပုံနှင့် (၂၀၀၈) ဖွဲ့စည်းပုံများအောက်က စနစ်များအားလုံးသည် စစ်ဖိနပ်တမတ်သား၏ အာဏာစက်အောက်တွင် စီးမျှောခဲ့ကြပါသည်။ (၂၀၁၀) ရွေးကောက်ပွဲ၊ (၂၀၁၅) ရွေးကောက်ပွဲများမှာ ပွင့်လင်းမြင်သာစွာဖြင့် ဒီမိုကရေစီများ၊ ဖက်ဒရယ်များ မျှော်လင့်ခဲ့ကြပေမယ့် (၂၀၀၈) ဖွဲ့စည်းပုံအောက်

တွင် အားလုံးပြားပြား မှောက်ခဲ့ရသည်။

သမိုင်းကြောင်း အစဉ်အလာ နှင့် သတင်းကြီးလာကြသည့် ဗမာ့လူမျိုးကြီးဝါဒ လွှမ်းမိုးမှုနှင့် အာဏာရှင်စနစ်သည် ယခုခေတ်အထိ ဆိုးမွေဆက်ခံထားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား (၂၀၂၁) ခုနှစ်တွင် တကျော့ပြန်အာဏာ ထပ်သိမ်းခဲ့ပါသည်။ အာဏာရှင်စနစ်ကို ဖက်တွယ်လာသည့် စစ်ခေါင်းဆောင်တသိုက်၏ယခုလိုအာဏာသိမ်းခြင်းအားဖြင့် ပြည်ထောင်စုကို မကွဲကွဲအောင် ပြုလုပ်နေခြင်းပင် ဖြစ်ပါသည်။ ထိုသို့ပြည်ထောင်စုကို ပြိုကွဲအောင်လုပ်နေသော ဤစနစ်သည် အဘယ်ကြောင့် သက်ဆိုးရှည်နေသည်ကို ဆန်းစစ်ကြည့်ပါမည်။ သို့သော်လည်း သမိုင်းကို ပြန်မလှန်တော့ပါ။ ယနေ့ စစ်ကောင်စီရဲ့ အာဏာသိမ်းမှု နှင့် စနစ်ဆိုးသည် အဘယ်ကြောင့်သက်ဆိုးရှည်နေကြောင်းကိုသာ အဓိကထား ဆန်းစစ်သွားမှာဖြစ်ပါသည်။

## ၁။ ဖွဲ့စည်းပုံအတွင်းရှိ စစ်တပ်၊ ရဲ နှင့် အုပ်ချုပ်ရေးယန္တရားများ

ဤအာဏာရှင်စနစ်အား သက်ဆိုးရှည်စေသည့် ပထမဦးဆုံးအချက်မှာ စစ်တပ်၊ ရဲ နှင့် အုပ်ချုပ်ရေး ယန္တရားသာ ဖြစ်သည်။ ဤကဲ့သို့ အုပ်ချုပ်ရေးယန္တရားများနှင့် လက်နက်ကိုင်တပ်ဖွဲ့များသည် တိုင်းပြည် တခုဖွဲ့စည်းရာတွင် အမှန်တကယ် လိုအပ်သည့် အဆောက်အအုံကြီးတခုဖြစ်ပါသည်။နိုင်ငံတွင်း စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲရန် အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခု လိုအပ်သလို ပြည်ပရန်ကို ကာကွယ်နိုင်ရေးအတွက်လည်း လက်နက်တပ်ဆင်ထားသည့် စစ်တပ်ကဲ့သို့ အဖွဲ့အစည်းမှာလည်း မရှိမဖြစ်လိုအပ်ပါသည်။
လက်ရှိ (၂၀၂၁) ခုနှစ် စာရင်းအရ ပြောရမည်ဆိုပါက မြန်မာနိုင်ငံ၌ ဝန်ကြီးဌာန (၃၀) ကျော်ရှိပြီး စစ်တပ်၏ လက်အောက်တွင် တိုင်းစစ်ဌာနချုပ် (၁၄)ခုထိရှိပါသည်။တိုင်းစစ်ဌာနချုပ် (၁၄) ခုတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် (၂) ခုမှာ MNDAA နှင့် AA တို့၏ သိမ်းပိုက်ခြင်းကို ခံလိုက်ရသည့်အတွက် တိုင်းစစ်ဌာနချုပ် (၁၂) ခု ကျန်ပါ တော့သည်။ ပြီးနောက် ပြည်ထဲရေးဌာနအောက် ပြည်နယ်၊ တိုင်းနှင့် ခရိုင်အလိုက် ဖွဲ့စည်းထားသော ရဲ တပ်ဖွဲ့များလည်း ရှိနေသည်။ နိုင်ငံတခု၏ အင်အားကို မည်သို့ပင် ဖွဲ့စည်းပါစေ အမှန်တကယ် အကျိုးသက်ရောက်မှုမှာ ဖွဲ့စည်းပုံထဲတွင်ရှိသော ပြဋ္ဌာန်းချက်များ သည် သာလျှင် အဓိကဖြစ်သည်။
ထို့ကြောင့် ဖွဲ့စည်းပုံကို ကြည့်လိုက်



ဆိုလျှင် အာဏာတခုက အရေးကြီးပါသည်။ နိုင်ငံတော်အာဏာကို (၂၀၀၈) ဖွဲ့စည်းပုံထဲတွင် မည်ကဲ့သို့ ပြဋ္ဌာန်းထားသည်ကို အခန်း (၁) ပုဒ်မ (၄) တွင် ကြည့်ပါက "နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတဝန်းလုံး၌ တည်သည်" ဟု ပြောထားပါသည်။ သို့သော်လည်း ပုဒ်မ (၆) (စ) အား ပြန်ကြည့်လိုက်လျှင်လည်း "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်၏ ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ် တစိုက်ဦးတည်သည်" ဟူ၍ ကလိမ်ကကျစ် လုပ်ထားပြန်သည်။ ပြောလိုသည်မှာ ပုဒ်မ (၁) အရ ဆိုလျှင် နိုင်ငံအာဏာအား ပြည်သူမှ ပိုင်သည်ဟု ထင်ရသော်လည်း ပုဒ်မ (၆) (စ) အရ ဆိုပါက နိုင်ငံအတွင်း ဘာပဲလုပ်လုပ် တပ်မတော်မပါလျှင် ဘာမှလုပ်မရပါ ဟု လှည့်စားထားသည်။ ဤအရာသည် အနည်းအကျဉ်း ထောက်ပြချက်သာ ဖြစ်ပါသည်။

နောက်တစ်ခုမှာ ဤနိုင်ငံ၏ အရေးကြီးအစိတ်အပိုင်း တခုဖြစ်သောအမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (ကာ/လုံ) အား စစ်တပ်မှ ချုပ်ကိုင်ထားခြင်း ဖြစ်သည်။ အဘယ်ကြောင့် ချုပ်ကိုင်ထားသည်ဟု ပြောသလည်း ဆိုပါက (၁၁) ဦး ပါဝင်ဖွဲ့စည်းထားသည့် (ကာ၊လုံ) တွင် သမ္မတ၊ ဒုတိယ သမ္မတ (၂) ဦး၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြား ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီး ပါဝင်ပြီး စစ်တပ်က (၆) ဦး ထိကို နေရာယူထားပါသည်။

ထို့ကြောင့် ဤကဲ့သို့ သမ္မတအား ကျော်လွန်ပြီး လုပ်ပိုင်ခွင့်အာဏာ အပြည့်ယူ ထားသည့် စစ်တပ်သည် အာဏာကို ကြိုက်သည့်အချိန်တွင် သိမ်းပြီး စစ်တပ်၊ ရဲ နှင့် လက်နက်ကိုင်အဖွဲ့အစည်းကို ထိန်းချုပ်ကာ တိုင်းပြည်နှင့် ပြည်သူလူထုကို လက်နက် အားကိုး

ဖြင့် ချယ်လှယ်နိုင်သည့်အတွက်စစ်အာဏာရှင်ကို သက်ဆိုး ရှည်စေသည့် အကြောင်းအရင်းထဲက တခု ဖြစ်လာပါသည်။

## ၂။ ခရိုနီအုပ်စု

မြန်မာနိုင်ငံတွင် အဘ၊ အဘဖြင့် တဘတည်း ခေါ်လာကြသည့် ခရိုနီများမှာ ခေတ်မကောင်းလျှင်လည်း ဤကဲ့သို့ စစ်တပ်နှင့် ပူးပေါင်းကာ လုပ်စားနေကြတုန်း ဖြစ်သည်။ စစ်တပ်နှင့် ပူးပေါင်းသည့် ခရိုနီများမှာ မြန်မာနိုင်ငံ၌ လက်ညှိုးထိုး မလွဲလောက်အောင် အများအပြား ရှိပါသည်။ ခရိုနီလက်ဟောင်းများအပြင် ခရိုနီလက်သစ်များပါ တိုးလာနေပါသည်။မြန်မာပြည်တွင် ခေတ်မကောင်းသော်လည်း ချမ်းသာသည့် လူများမှာ တဟုန်ထိုး ချမ်းသာလာပြီး ဆင်းရဲသည့် လူများမှာ မွဲသထက်မွဲလာနေသည်။ လူတန်းစားများထဲတွင် လူလတ်တန်းစားများသည် ပျောက်လုနီးနီးဖြစ်သည်။

ဗိုလ်နေဝင်း၊ ဗိုလ်သန်းရွှေ နှင့် ခေတ်အဆက်ဆက်တွင် ခရိုနီ များသည် စစ်တပ်နှင့် ပူးပေါင်းပြီး ပြည်သူလူထုများအား ဆင်းရဲမွဲတေအောင် လုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ အခွင့်ထူးခံလူ တန်း စား ထဲတွင် စစ်တပ်အသိုင်းအဝိုင်းပြီးလျှင် ခရိုနီအုပ်စုများ ဖြစ်ပါသည်။ ခရိုနီများထဲတွင် တိုင်းရင်းသားများလည်း အပါအဝင် ဖြစ်သည်။ ၎င်းထဲမှ တိုင်းရင်းသား ခရိုနီများထဲတွင် ရှမ်းမြောက်မှ အများဆုံးလို့ ဆိုရပါမည်။ ကိုးကန့် သူဌေးကြီး ASIA World ကုမ္ပဏီပိုင်ရှင် ဦးထွန်းမြင့်နိုင် အပါအဝင်၊ ကျားဖြန့်လုပ်ငန်းများအား ကြီးစိုးထားသူများလည်းဖြစ်၊ ကိုးကန့်တွင် အာဏာရှိသူ များလည်း ဖြစ်သည့် ပယ်ဆောက်ချိန်၊ ဝေဆန် ၊ မြီရှောင်ချန် နှင့် ဖူလီလိုက် ကုမ္ပဏီ ဥက္ကဋ္ဌ လျှိအာပေါက် တို့နှင့် ဦးမောင်မောင်တို့သည် စစ်တပ်နှင့်ပူးပေါင်း သည့် ခရိုနီများထဲတွင် သတင်းကြီးသူများ ဖြစ်သည်။

ပအိုဝ့်ဘက်တွင်လည်း စစ်တပ်လက်အောက်ခံ PNO ပြည်သူ့စစ်အဖွဲ့မှ ဦးနေဝင်းထွန်းတို့သည်လည်း စစ်တပ်နှင့် ပူးပေါင်းလုပ်စားနေသည့် ခရိုနီအကြီးစားထဲမှ တဦးဖြစ်ပါသည်။ ရက္ခိုင်မှာဆိုလျှင် ဦးကျောက်တောင်၊ ကရင် ၌ BGF တပ်ခေါင်းဆောင် ဗိုလ်စောချစ်သူ၊ ကချင်တွင် စစ်ကောင်စီခန့်ကချင်ပြည်ဝန်ကြီးချုပ်ခက်ထိန်နန်နှင့် ခမည်းခမက်တော်စပ်သည့် Jade land ကုမ္ပဏီမှ ဦးယွပ်ဇော်ခေါင် ဆိုသူတွေပဲ ဖြစ်ပါသည်။ ပြည်မဘက်ဆိုလျှင် ဦးတေဇ၊ ဦးငွေးမြင့်၊ ဂျော်နသန်၊ ကျော်သောင်း၊ ခရိုနီလက်သစ်ဉာဏ်လွင်အောင် (သေဆုံး)၊ ထွန်းမင်းလတ် အပြင် ကျန်ရှိနေသေးသည့် ခရိုနီပေါင်းများစွာဟာ စစ်တပ်ကို ဘီလီယံနှင့်ချီသည့် ငွေကြေးများ ကူညီထောက်ပံ့နေကြသလို စစ်လက်နက်ပစ္စည်းများကိုလည်း ဝယ်ယူပေးနေပါသည်။

စစ်တပ်ပိုင် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း MEC နှင့် မြန်မာ့စီးပွားရေး ဦးပိုင် MEH တို့ဖြင့် ပူးပေါင်းပြီး ဂုတ်သွေးစုတ်နေသူများလည်း ရှိနေသေးသည်။ မြန်မာနိုင်ငံတဝှမ်းတွင်ရှိသည့် ကျောက်စိမ်း၊ သတ္တု၊ သစ်တော၊ ဆောက်လုပ်ရေး စသည့် လုပ်ငန်းများအပြင် အခြားသော လုပ်ငန်းများတွင်လည်း စစ်တပ်နှင့် ပူးပေါင်း၍ ရနေသည့် အခွင့်အရေးများအား အသုံးချကာ စစ်တပ်ရှင်သန်နိုင် ရေးအတွက် ထောက်တိုင်များအဖြစ် ပါဝင်နေကြသည်ကို တွေ့ရှိရသောကြောင့် ဤခရိုနီအုပ်စုသည် စစ်တပ်အတွက် အထောက်အပံ့ ဖြစ်စေသည့်နေရာတွင် ဒုတိယအရေးကြီးဆုံးဟု ပြောလျှင်လည်း မှားမည်မဟုတ်။ ထို့ကြောင့် ဤကဲ့သို့သော ထောင့်တိုင်များဟာ စစ်ကောင်စီအတွက် အင်အားကြီးသည့် အုပ်စုတခုလည်း ဖြစ်ပါသည်။

## ၃။ စစ်ကောင်စီကို ထောက်ခံသည့် နိုင်ငံရေးပါတီများ

စစ်အာဏာသိမ်းထားသည့် စစ်ခေါင်းဆောင်များဘက်ကို ရပ်တည်ပေးပြီး အာဏာသိမ်းစစ်တပ်မှ ပြုလုပ်မည့် တရားမဝင်ရွေးကောက်ပွဲတွင် ပါဝင်သော နိုင်ငံရေး ပါတီများသည် လည်း စစ်အာဏာရှင်အား သက်ဆိုး ရှည်အောင် ထောက်ခံပေးနေခြင်းပင် ဖြစ်သည်။ စစ်တပ်ကပေးသည့် အခွင့်အလမ်းများ၊ ရာထူး၊ ဂုဏ်စည်းစိမ်များအား တက်မက်ပြီး စစ်တပ်ဘက်မှ ရပ်တည်ခဲ့သူများသည် ပြည်သူကို သတ်ဖြတ်သည့် နေရာတွင် စစ်ကောင်စီ နှင့် ကြံရာပါတွေ ဖြစ်ပါသည်။

မြန်မာနိုင်ငံမှာ နှစ်ပေါင်း (၇၀) ကျော်ကာလအတွင်း စစ်အာဏာရှင်ကို တော်လှန်ခဲ့သည့် မျိုးဆက်တိုင်းသည် နေရာတိုင်းတွင်ရှိပြီး နည်းလမ်းမျိုးစုံနှင့် တိုက်ပွဲ ဝင်ခဲ့ကြသည်။ သို့သော်လည်း ယနေ့အချိန်ထိ ဤနိုင်ငံတွင် လွတ်လပ်ရေး၏ အနှစ်သာရကို မည်သူမှ ဝဝလင်လင် မခံစားရသေးပေ။ ဆိုးမွေများကို ဆက်ခံကာ ဘီလူးဆိုင်းတီး၍ ကနေကြသည့် စစ်ဗိုလ်တမတ်သားအဖွဲ့၏ စစ်ဖိနပ်အောက်မှ နိုင်ငံရေးအား တပ်မက်နေကြသည့် ပါတီဝင်အဖွဲ့အစည်းများသည် ကြံရာပါ အဆင့်ထက် မပိုတော့ပါ။ စစ်တပ်ကို အခြေပြုကာ အာဏာရှင်စနစ် အသက်ဝင်အောင် ရေးဆွဲထားသည့် ၂၀၀၈ အောက်က ရွေးကောက်ပွဲဟာ စစ်မှန်မှုမရှိဘူးဆိုတာကို လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၀) ကျော်လောက်တည်းက သက်သေပြပြီး ဖြစ်ပါသည်။

ဤအရာများကို မမြင်ကြခြင်းလား၊ မသိကြခြင်းလား၊ မသိချင်ယောင်ဆောင်နေကြလား၊ သို့မဟုတ် သိသိကြီးနှင့် မိုက်တွင်းဆင်းကြတာလား ဆိုသည်မှာ စစ်တပ်ကို ထောက်ခံသည့် ပါတီများမှ အသိဆုံး ဖြစ်ပါသည်။ လက်ရှိတွင် စစ်ကောင်စီက ထိန်းချုပ်ထားသည့် ရွေးကောက်ပွဲ ကော်မရှင်မှာ မှတ်ပုံတင်ပြီး နိုင်ငံရေးပါတီအဖြစ် ရပ်တည်ခွင့်ရတဲ့ ပါတီဟာ (၅၀) ကျော်ရှိသွားပါပြီ။ နိုင်ငံကို တည်ငြိမ်စေချင်သော အကြောင်းပြချက်နှင့် နိုင်ငံရေးလုပ်၍ မရတော့ပါ။ စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ရန် လုပ်ရမှာ ဖြစ်ပါသည်။

ဖက်ဒရယ်ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာမှ အမျိုးသားရေး အာမခံချက်ရှိသည့် အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိလာမှာ ဖြစ်ပါသည်။ ဤသို့ ဖြစ်လာမှသာလျှင် စစ်မှန်သည့် ပြည်ထောင်စုတစ်ခု ဖြစ်လာနိုင်မှာပါ။ သို့သော်လည်း လူမိုက်နှင့် ပေါင်းနေသည့် နိုင်ငံရေးပါတီများ ရှိနေခြင်းမှာ အကြမ်းဖက်မှုကို အားပေးနေခြင်းနှင့် တူညီနေပြီး ပြည်သူလူထုများ လက်မခံသည့် တရားမဝင်ရွေးကောက်ပွဲကို ပါဝင်ခြင်းသည် စစ်တပ်ကို သက်ဆိုးရှည်အောင် ထောက်ခံပေးနေသည့် ထောင့်တိုင်တွေ ဖြစ်ကြောင်း ဖော်ပြလိုက်ပါသည်။

## ၄။ ဘာသာရေးမှိုင်းနဲ့ စစ်တပ်လော်ဘီများ

အာဏာသိမ်း စစ်ခေါင်းဆောင် သည် အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပွဲများ ရှုံးနိမ့်လာသည့်အချိန်တွင် လုပ်လေ့လုပ်ထရှိသော ဘာသာရေးမှိုင်းကို မီးစ မွေးလာပါသည်။ မီးလောင်ရာ လေပင့်ဆိုသလို ဘာသာရေးမီးမွှေးတဲ့အချိန်မှာ လေတိုက်ပေးကြသည်မှာ စစ်တပ်လော်ဘီများ နှင့် မဘသများ ဖြစ်ပါသည်။

လူမျိုးရေး၊ ဘာသာရေးများအား ပဋိပက္ခထဲ ဆွဲသွင်း ပြီး စစ်တပ်က နိုင်ငံရေးအရ အမြတ်ထုတ်သည့် ကစားကွက်ကို ဒီနေ့ချိန်ထိ အသုံးပြုနေဆဲ ဖြစ်ပါတယ်။ ရှမ်းမြောက် တိုက်ပွဲတွင် စစ်ရေးရှုံးနိမ့်လာသည့် စစ်ကောင်စီတပ်မှ MNDAA ကို ဘာသာရေးအရ လှုံ့ဆော် တိုက်ခိုက်တာမျိုး ဝါဒဖြန့်ချီခဲ့သည်။ ရက္ခိုင်မှာဆိုလျှင်လည်း မွတ်ဆလင် နှင့် ရက္ခိုင်ကို လူမျိုးရေးအရ သွေးခွဲခြင်းများ ဆက်တိုက်ဆိုသလို ပြုလုပ်ခဲ့ပါသည်။

မွတ်ဆလင်များအား ခြိမ်းခြောက်ပြီး အတင်း အဓမ္မ စစ်မှုထမ်းခိုင်းကာ ရက္ခိုင်လူမျိုးများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးစေပြီး၊ အတင်းဖိအားပေးကာ



ဆန္ဒပြခိုင်းခြင်းများ ပြုလုပ် ခဲ့ပါသည်။ စစ်ကောင်စီဟာ ၁၉၈၈ ခုနှစ် နောက်ပိုင်း အမျိုးဘာသာ၊ သာသနာ စောင့်ရှောက်ရေး (မဘသ) အဖွဲ့ကို ထောက်ပံ့မှုများ ပေးပြီး ထိန်းချုပ်ခဲ့ပါသည်။

ယခုလက်ရှိတွင် ဘာသာရေးအရ နာမည်ကြီးနေသည့်ကျောင်းများအား လာဘ်ထိုးမှုများနှင့် စည်းရုံးထားပြီး မဘသ အဖွဲ့မှ ဘုန်းကြီးဦးဝါသဝကို ကန့်ပလူခရိုင်ဘက်တွင် ပျူစောထီးများအား ဦးဆောင်စေသည့်အပြင် စစ်သားစုဆောင်းမှုများပါ လုပ်ဆောင်စေခဲ့ပါတယ်။ ထို့အပြင် မန္တလေးတိုင်း ဘက်တွင် လည်း သက်န်းဝတ် ဘုန်းကြီးတပါးဖြစ်သည့် ပေါက်တော်ကိုလည်း ပျူစောထီးပြည်သူ့စစ်များအား ဦးဆောင်ရန် စစ်တပ်က တာဝန်ပေးခဲ့ပါသည်။

ဤကဲ့သို့ စစ်ကောင်စီဟာ တိုင်းပြည်ပြုကွဲအောင် မဘသ ဘုန်းကြီးများကိုပါ ဆွဲသွင်းလာခြင်းနှင့် စစ်တပ်ကို ထောက်ခံလာအောင် စည်းစိမ်များ၊ ရာထူးများပေးပြီး စည်းရုံးခဲ့ခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခဲ့သည့် ဦးနု၏ အတွေးအခေါ်များကို သဘောမကျသည့် အခြားဘာသာဝင်လူမျိုးများ ရှိခဲ့ပါသည်။ ယနေ့ထိလည်း ရှိနေဆဲ ဖြစ်ပါသည်။ ဤအရာများအား လက်မခံသည့်လူများ ရှိသည်ကိုလည်း စစ်ခေါင်းဆောင် အဆက်ဆက်ကသိခဲ့ပါသည်။

သို့သော်လည်းစစ်ခေါင်းဆောင်ဟာ တိုင်းပြည်မတည်ငြိမ်သည့် အချိန်တွင် ဤကဲ့သို့ ဘာသာရေးမှိုင်းကို ထည့်ပြီး ကိုယ့်ဘက်ပါအောင် စည်းရုံးလှုံ့ဆော်

မှုများ ပြုလုပ်ခဲ့သည်။ ဘာသာရေး၊ လူမျိုးရေးအရ လှုံ့ဆော်စည်းရုံးပြီး ရန်တိုက်တတ်သည့် စစ်ခေါင်းဆောင်များ၏ လုပ်ရပ်ကို သတိကြီးကြီးထားပြီးကျော်လွှားရမှာ ဖြစ်ပါသည်။

## ၅။ စစ်ကောင်စီ အား တရား ဝင်မှုဖြစ်အောင်လုပ်နေသည့် နိုင်ငံများ

စစ်ကောင်စီ၏ အကြမ်းဖက်လုပ်ရပ်များအား တရားဝင်မှု ဖြစ်အောင် လုပ်ပေးနေသည့်နေရာတွင် ပြည်ပက နိုင်ငံအချို့ ရှိပါသည်။ ၎င်းနိုင်ငံများမှာ အများသိပြီးဖြစ်တဲ့ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ ဖြစ်ပါတယ်။ သို့သော်လည်း စစ်ကောင်စီကို စစ်လက်နက် ထောက်ပံ့နေသည့် နိုင်ငံထဲတွင် အိန္ဒိယနိုင်ငံလည်း အပါအဝင် ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ စစ်ကောင်စီအားစစ်လက်နက်ရောင်းချမှုများကို ပိတ်ပင်ပြီး စစ်လေ့ကျင့်ရေး သင်တန်းများ အပါအဝင် စစ်ရေးဆိုင်ရာ ပံ့ပိုးမှုများအားလုံး ရပ်ဆိုင်းပေးရန် Justice for Myanmar (JFM) က (၂၀၂၄) ခုနှစ် မတ်လ (၂၇) ရက်နေ့မှာ ထုတ်ပြန်ထားတာ ရှိပါသည်။

ထို့နောက် အိန္ဒိယမှ စစ်ကောင်စီအား

ကန်ဒေါ်လာ (၅) သန်း တန်ဖိုးရှိသည့် စစ်လက်နက်များ တင်ပို့ခြင်းကိုလည်း Justice for Myanmar (JFM) မှ ဇွန်လ (၂၁) ရက်နေ့မှာ ဆိုသလို ဆက်တိုက် ထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယနှင့်စစ်ကောင်စီမှ သမိုင်းကြောင်းအရ ဆက်ဆံရေး ရှည်လျားမှု ရှိသည့် အပြင် တရုတ်၊ ရုရှား နှင့် အိန္ဒိယကို ရေတပ်အရာရှိများ စေလွှတ်ထားကြောင်း စစ်ခေါင်း ဆောင်ကိုယ်တိုင် ထုတ်ဖော်ပြောကြားခဲ့ပါသေးသည်။

တရုတ်ဘက်ကိုကြည့်လျှင်လည်း တရုတ်မြန်မာနယ်စပ်ကုန်သွယ်ရေး တို့တွင် တိုက်ပွဲများ ပြင်းထန်လာတာကြောင့် ဘီလီယံနဲ့ချီသည့် ကုန်သွယ်မှုတန်ဖိုး ထိခိုက်လာချိန်တွင် တရုတ်က MND–AA ၊ TNLA အပါ အဝင် KIA တို့ကို အပစ်ခတ် ရပ်စဲခိုင်းလာပါသည်။

တရုတ်က အပစ်ခတ်ရပ်စဲရန် တော်လှန်ရေးအဖွဲ့များအား ပြောမရ ချိန်တွင် စစ်ကောင်စီအား တရားဝင်အစိုးရဖြစ်အောင် အာဆီယံထိတက်ပြီး မြန်မာနိုင်ငံအား မည်သည့်နိုင်ငံ ကမှ ဝင်ရောက်စွပ်ဖက်ခွင့် မရှိဘူးဆိုသည့်မူ နှင့် စည်း (၃) စည်းကို ထုတ်ခဲ့ပါသေးသည်။ ပြီးနောက် တရုတ်ငြိမ်းချမ်းရေးပွဲစားလိုလို၊ သံတမန်ပွဲစားလိုလို နှင့် စစ်ကောင်စီဘက်တွင် ရပ်တည်လိုက်ခြင်းသည် နွေဦးတော်လှန်ရေးအတွက် သတိထားပြီးကိုင်တွယ်ရမည့် စိန်ခေါ်မှုတစ်ခု ဖြစ်လာပါသည်။

နောက်ဆုံးအနေနှင့် ပြောရမည်ဆိုပါက စစ်ကောင်စီကို သက်ဆိုးရှည်စေသည့် ထောင့်တိုင်များထဲတွင် ပြည်ပကနိုင်ငံအချို့လည်း ပါဝင်နေသည်ဟု ပြောလိုခြင်း ဖြစ်ပါသည်။

စစ်တပ်ထောင့်တိုင်များထဲတွင် အထက်ပါပြောကြားခဲ့သည့် ယန္တရားများအားလုံးကို တိုက်ထုတ်ပြီး ဖွဲ့စည်းပုံကို အသစ်ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ စစ်ကောင်စီအတွက် အထောက်အပံ့ဖြစ်နေသည့် ထောင့်တိုင်များအားလုံးကို သတိထားပြီး ကိုင်တွယ်ရမှာ ဖြစ်ပါသည်။

စစ်တပ်ပြိုလဲလျှင် ဒီထောင့်တိုင်တွေလဲ ပြိုလဲမှာဖြစ်သလို ထောင့်တိုင်တွေ ပြိုလဲလျှင်လည်း စစ်တပ် ပြိုကွဲသွားမှာ ဖြစ်ပါသည်။ စစ်တပ်ဟာ ခရိုနီများ၏ ငွေကြေးအထောက်အပံ့များအား ဘီလီယံနှင့်ချီပြီး ရနေသည့်အပြင် ပြည်ပနိုင်ငံအချို့ကပါ စစ်လက်နက်ပစ္စည်းများ ရရှိနေသည်။ စစ်ကောင်စီမှ ၂၀၂၄ နှစ်ကုန်ပိုင်းတွင် လေယာဉ်နှင့် စစ်သင်္ဘောများ အားဖြည့်ခဲ့တာတွေ့ရပါသည်။ စစ်တပ်ရဲ့ ထောင့်တိုင်များအားလုံးကို ဖြုတ်မယ်ဆိုပါက ၁၀၂၇ စစ်ဆင်ရေးလိုမျိုး အရှိန်ပြင်းပြင်း တိုက်ပွဲဖော်ဖို့ လိုပါမည်။ နိုင်ငံတကာစာမျက်နှာတွင်လည်း စစ်ကောင်စီ၏ တရားမဝင်မှုများကို ဖော်ထုတ်နိုင်ရန် သံတမန်နည်းလမ်းနှင့် ချဉ်းကပ်ပြီး Justice for Myan–mar (JFM) ကဲ့သို့ စုံစမ်းထုတ်ဖော်မှုများ လုပ်သင့်ပါကြောင်း ဖော်ပြလိုက်ပါသည်။

**စောမြတ်သွီးရေးသားသည်။**

# ကထိန်ခင်းတဲ့ကျားဖြန့်တွေ

**Coastal News Agency**

အွန်လိုင်းပေါ်မှာ ငွေလိမ်တဲ့အလုပ်ကို အုပ်စုဖွဲ့လုပ်နေကြတဲ့ တရုတ်ကျားဖြန့် လုပ်ငန်းဟာ ကျေးရွာတွေ အထိ ခြေကုတ်ယူလာနေပြီဆိုတာကို အများစုသတိထားမိကြမယ် မထင်ပါဘူး။ငွေလိမ်တဲ့အလုပ်ကို လူမှုကွန်ရက်စာမျက်နှာကနေ နည်းမျိုးစုံသုံးပြီး လုပ်ကိုင်နေကြတယ်လို့ပဲ သိထားကြမှာပါ။ ငွေလိမ်တဲ့ အရာကို အွန်လိုင်းစာမျက်နှာတွေကတင်မကဘဲ မြေပြင်မှာပါ လှည့်ကွက်အမျိုးမျိုးနဲ့ ချဉ်းကပ်လိမ်လည် တာတွေ ရှိလာပါတယ်။

မြန်မာတွေရဲ့ ၁၂ လရာသီပွဲတော် တွေထဲမှာ တန်ဆောင်မုန်းလရဲ့ ပွဲတော်တခုဖြစ်တဲ့ ကထိန်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ပြုလုပ်ကြတာပါ။ စစ်ကောင်စီ အာဏာသိမ်းလိုက်တဲ့နောက် နယ်မြေမတည်ငြိမ်တဲ့ နေရာတွေမှာတော့ ကထိန်ပွဲတော် မလုပ်ကြပါဘူး။စစ်မဖြစ်တဲ့နေရာ၊တိုက်ပွဲမဖြစ်တဲ့နေရာတွေမှာတော့ ကထိန်ပွဲတော်ကို ပြုလုပ်ကြ ပါတယ်။

ကထိန်ပွဲတော်ကို တဦးတယောက်က အလှူပေးနိုင်လို့ ဆောင်ရွက်ကြတာရှိသလို စုပေါင်းပြီးတော့ အလှူပေးကြတာမျိုးတွေလဲ ရှိပါတယ်။အလှူပေးခြင်းသက်သက်မျှသာပါ။ အလှူပေးခြင်းရဲ့နောက် ကွယ်မှာတော့ တခုခုရလိုဇော၊ကျေးလက်နေသူတွေရဲ့ စိတ်ကိုဖမ်းဆုပ်ပြီး နည်းဗျူဟာတခုခုကို ခင်းကျင်းလာပြီး ကထိန်အလှူပေးတာတွေ ယခင်ယခင်က မရှိခဲ့ဘူးလို့

ပဲ ပြောရမှာပါ။

အခုတော့ ကထိန်ခင်းတဲ့အလှူ ကိုဗန်းပြပြီး ကျောင်းထိုင်ဘုန်းကြီးဆီက ငွေပါမကျန် အခြေအမြစ်မရှိတဲ့ အွန်လိုင်း အစုရှယ်ရာထည့်ဝင်ဖို့ဆိုပြီး သဲ့ယူသွားလိုက်တာ ရွာကလူတွေလဲ အတော်ပါသွားကြတယ်လို့ ကြားမိပါတယ်။သူက ရွာခံတယောက်ပါပဲ။ အရင်က အလုပ်အကိုင်တခု နဲ့ အထိုက်အလျှောက် နာမည်ရ လာပြီး အလုပ်အကိုင်အဆင်ပြေနေသူလို့ ပြောလို့ရပါတယ်။ သူ့ဆီကိုအလုပ်အပ်ကြတဲ့ သူတွေက တောင်ပေါ်မြေပြန့်ပါမကျန် အလုပ်အပ်ကြတာပါ။ နေရာစုံနယ်စုံရောက်ပြီး လူပေါင်းစုံနဲ့ သိကျွမ်းလာသူလို့ ပြောလို့ရပါတယ်။

အဲဒီအလုပ်က သူ့အတွက်တော့ ချွေးထွက်အောင်ကြိုးစားလုပ်ကိုင်မှသာ ရတာပါ။ ခွန်အားသုံးပြီး လုပ်ရတဲ့အလုပ်လို့ ပြောလို့ရသလို လူ့ဂုဏ်သိက္ခာအရကြည့်ရင်လဲ သမာအာဇီဝကျတဲ့အလုပ်လို့ ပြောလို့ရပါတယ်။သူဘယ်အချိန်ကဘယ်လိုအလုပ်ပြောင်းသွားလဲဆိုတာတော့ရွာကလူတွေ မသိလိုက်ပါဘူး။ ရွာကိုပြန်ရောက်တိုင်း အရင်တုန်းကလုပ်ခဲ့တဲ့အလုပ်ကို စကားထဲထည့်ပြောတာ မတွေ့ရတော့ပါဘူး။ အွန်လိုင်းပေါ်ကနေ ရှယ်ရာဝင်ဖို့ကိုသာ တွင်တွင်ပြောလာပါတယ်။ လူတယောက်ယောက်တွေ့တိုင်း အွန်လိုင်းရှယ်ရာဝင်ဖို့ကိုသာ ပြောပြတာမျိုး လုပ်လာပါတယ်။

အွန်လိုင်းရှယ်ရာဆိုတာ တရားဝင်ကုမ္ပဏီဖွင့်ထားတာမျိုးမဟုတ်သလို ဘယ်နေရာမှာ ရုံးထိုင်ပြီး အလုပ်လုပ်နေကြသူတွေလဲဆိုတဲ့ မေးခွန်းကို တိတိပပ မဖြေနိုင်ပါဘူး။ဘယ်သူက လုပ်ငန်းရဲ့ မန်နေဂျာအဆင့်လဲ ဘယ်သူကဒီလုပ်ငန်းမှာ တာဝန်ရှိသူလဲဆိုတာကို အဆင့်နှစ်ဆင့်လောက်မေးခွန်း ထုတ်နိုင်ရင်ပဲ အဖြေထွက်နိုင်ပါတယ်။ထွက်လာမယ့်အဖြေက အဆင့်နှစ် ဆင့်လောက်မှာပဲ ကွင်းဆက် ပြတ်သွားတာဖြစ်လို့ ရေရေရာရာမရှိတဲ့အတွက် လိမ်ဖို့အတွက် ဗျူဟာခင်းထားသလားဆိုတာကို သံသယဖြစ်ဖို့ကောင်းနေပါပြီ။

အများစုကတော့ လူတယောက်ရဲ့




အာပေါင် အာရင်းသန်သန် ပြောတဲ့စကား နောက်ကိုလိုက်ပြီး ယုံကြည်လိုက်ကြတာမျိုး ကျေးရွာတွေမှာ ရှိလာပါတယ်။ ယုံကြည်မှုနောက်က ချွေးနဲ့စာ ရှာကြံ ထားတဲ့ငွေ ပါသွားကြတာကိုလဲ ကြားနေရတာဖြစ်ပါတယ် ။သူက ရွာမှာ ကထိန်ပြန်ခင်းပါတယ်။ရွာကလူတွေကတော့ လုပ်ငန်းကိုင်ငန်းဖြောင့်လို့၊အလုပ်အကိုင် အဆင်ပြေလို့ အခုလို အလှူအတန်း ပြန်လုပ်တာပဲလို့ ထင်ကြပါတယ်။ရွာကလူတွေကတော့ လက်ခုတ်လက်မောင်းတီးပြီး ဂုဏ်ပြုလိုက်ကြပါသေးတယ်။ သူရွာကထွက်သွားပြီးတဲ့နောက်ပိုင်း အခုလို အလှူအတန်းပြန်ပေး တာမျိုး မရှိခဲ့ပါဘူး။

အခုလို ဘာသာရေးအကျိုးပြုပြန်လုပ်တာဆိုတော့ သဘောမတွေ့ဘဲ ဘယ်ရှိပါ့မလဲ။ရွာခံတွေမသိလိုက်တဲ့ အချက်က သူအလှူပေးတဲ့နောက်ကွယ်က ရည်ရွယ်ချက်ကိုပါ။ သူပြစ်မှတ်ထားတဲ့ ရည်ရွယ်ချက်က ရွာသူရွာသားတွေ အွန်လိုင်းရှယ်ရာမှာ ထည့်ဝင်ကြဖို့အတွက်ပဲဖြစ်ပါတယ်။သူ့ရဲ့ စည်းရုံးရေးစကားအောင်ဖို့ ကထိန်ပြန်ခင်းတယ်ဆိုတာကိုတော့ ဘယ်သူကမှလဲ သတိပြုမိပုံ မပေါ်ပါဘူး။

အခုလိုထိန်ခင်းဖို့အတွက် ကထိန်ရာသီမတိုင်ခင်ကတည်းက ကြိုတင်အစပျိုးထားတာဖြစ်ပါတယ်။ ကျောင်းထိုင်ဘုန်းတော်ကြီးကို ကထိန်ခင်းမယ့်အကြောင်း ကြိုတင်လျှောက်ထားပြီး အစပြုထားတာပါ။

ကထိန်ခင်းပေးမယ့် အလှူအပြင် အရပ်ဆိုင်းအဖွဲ့ ကိုပါငှားရမ်းပြီး ပွဲတည်ပေးမှာဖြစ်တဲ့အကြောင်း သိရတော့ ကျောင်းထိုင်ဘုန်းကြီးနဲ့ ရွာသူရွာသားတွေက ဝမ်းသာနေကြတာပါ။ ဝမ်းသာတဲ့အတိုင်းလဲ ဖြစ်လာပါတယ်။နေ့ဘက်မှာ ကထိန်ခင်းပြီး အလှူအတန်းလုပ်ပေးတယ်။ညပိုင်းမှာ ဆိုင်းဝိုင်းနဲ့ ဒေသခံတွေကို ဖျော်ဖြေပေးတယ်။

နောက်တနေ့မှာတော့ ရွာကလူတွေကို တအိမ်တက်ဆင်း လိုက်စည်းရုံးပါတော့တယ်။ စည်းရုံးရေးရဲ့ အဓိကပစ်မှတ်ကတော့ အွန်လိုင်းရှယ်ရာမှာ ထည့်ဝင်ကြဖို့ပဲ ဖြစ်ပါတယ်။အွန်လိုင်းရှယ်ရာမှာ ထည့်ဝင်ဖို့အတွက် ရွာသူရွာသားတွေကိုပဲ စည်းရုံးတာမျိုးတော့ မဟုတ်ပါဘူး။ ကျောင်းထိုင်ဘုန်း တော်ကြီးကိုပါ စည်းရုံးတာပါ။

“အစမှာ သိန်း ၃၀ စထည့်ရတယ်။အွန်လိုင်းရှယ်ရာမှာ သိန်း ၃၀ထည့်ထားရင် အတိုးက အစပိုင်းမှာ ၁၀ ရာခိုင်နှုန်းဆိုတော့ တလကို အတိုး ၃သိန်းရမယ်။ အတိုးကိုလဲ တလတကြိမ် ထုတ်ပေးတယ်။ အရင်း ကတော့ ၂၀၂၅နှစ်ကုန်အထိ ထည့်ထားရမယ်။ အကယ်၍ အတိုးကိုမထုတ်ဘဲ ထပ်ထည့်မယ်ဆိုရင်လဲ အရင်းထဲမှာပေါင်းပေးတယ်။ အရင်းများတော့ အတိုးများများရတာပေါ့”လို့ စည်းရုံးပါတယ်။

မကြာသေးခင်က ကထိန်ခင်းလှူပေးထားတဲ့ ပူပူနွေးနွေး အလှူရှင်ရဲ့ အခုလိုစည်းရုံးပြောဆိုချက်က အချိန်ကြာကြာမယူလိုက်ရပါဘူး။ရွာသူရွာသားတွေထဲက တဦးက သိန်း ၃၀၊တဦးက သိန်း ၆၀၊တဦးက သိန်း ၅၀နဲ့ ရှယ်ရာထည့်ကြတဲ့အပြင် ကျောင်းထိုင်ဘုန်းတော်ကြီးကပါ သိန်း ၅၀ ရှယ်ရာဆိုပြီး ထည့်ဝင်လိုက်ပါတယ်။

စိုက်ထည့်ထားတဲ့ရှယ်ရာရှင်တွေကို ထည့်ဝင်ထားတဲ့ငွေပမာဏအလိုက် တချို့က ၁၀ရာခိုင်နှုန်း ၊တချို့က ၁၅ ရာခိုင်နှုန်း အတိုးရမှာ ဖြစ်တယ်ဆိုတဲ့ စည်းရုံးပြောဆိုချက်တွေအောက်မှာ ရွာသူရွာသား တွေ မျောပါသွားကြတာ ဖြစ်ပါတယ်။

ကုမ္ပဏီက ဘယ်ကကုမ္ပဏီလဲ၊ ဘာလုပ်ငန်းအတွက် ရှယ်ရာခေါ်တာလဲ၊ မြန်မာနိုင်ငံသားပိုင်တဲ့ ကုမ္ပဏီလား ၊နိုင်ငံခြားသားပိုင်တဲ့ ကုမ္ပဏီလား၊ကုမ္ပဏီရဲ့ ရုံးချုပ်ကရော ဘယ်မှာ အခြေစိုက်သလဲ၊ ကုမ္ပဏီရဲ့ အဓိကလုပ်ငန်းက ဘာလုပ်ငန်းလဲ ၊အခုလိုရှယ်ရာရှင်တွေကို ငွေအလုံးအရင်းစိုက်ထည့် ရလောက်တဲ့အထိ အခြေခိုင်တဲ့ ကုမ္ပဏီတခုဟုတ်ရဲ့လား ဆိုတဲ့ မေးခွန်းတွေ မေးကြည့်တော့ ရေရေရာရာ အဖြေမပေးနိုင်ပါဘူး။

ဒါဟာ အွန်လိုင်းငွေလိမ်ဂိုဏ်းဖြစ်တဲ့ ကျားဖြန့်လုပ်ငန်းတွေ ကျေးရွာတွေထဲ နည်းအမျိုးမျိုးနဲ့ ဝင်လာ သလားဆိုတာ သတိပြုစရာပါ။ဘာသာရေးကိုခုတုံးလုပ်ပြီးစည်းရုံးကောင်းအောင် ပြုလုပ် လေသလားဆိုတာ သတိပြုစရာဖြစ်လာပါတယ်။ ကိုယ်စုဆောင်းရှာဖွေထားတဲ့ ချွေးနည်းစာတွေကို အခြေ အမြစ်မရှိတဲ့ အွန်လိုင်း ရှယ်ရာထဲမှာ ထည့်ဝင်ကြမလားဆိုတာ ‘ကိုတော့ တွေးခေါ်စဉ်း စားကြရ မှာ ဖြစ်ပါတယ်။

ကျားဖြန့်အွန်လိုင်းငွေလိမ်ဂိုဏ်းမပေါ်ခင်ကလဲ ရွာကိုဒုက္ခပေးသွားတဲ့ လိမ်လည်နည်းတခု ရှိခဲ့ပါသေး တယ်။ သိပ်မကြာသေးခင် ကာလတခုကဖြစ်လို့ မှတ်မိကြဦးမယ် ထင်ပါတယ်။MLM(–Multi Level Marketing)ခေါ်တဲ့ဈေးရောင်းနည်းတခု ပေါ်ပေါက်ခဲ့ပါသေးတယ်။ လူတိုင်းရဲ့ လက်ထဲမှာ ဖုန်းကိုယ်စီ မရှိကြသေးတဲ့အချိန်၊ရုပ်သံတခုခုကို ဖြန့်ဝေချင်ရင် CD၊VCD၊DVD အချပ်တွေနဲ့ ဖြန့်ဝေကြတဲ့ အချိန်ပါ။ ကျေးရွာတွေမှာ အိမ်တိုင်းလိုလို အပေါ်စက်အောက်စက် အတွဲနဲ့ ရုပ်မြင်သံကြား ခံစားကြည့် ရှုကြတဲ့ အချိန်လဲဖြစ်ပါတယ်။ ရွာကိုရောက်လာတဲ့ CD ခွေတ်ပြားထဲမှာ MLM (မာတီလယ်ဗယ်မာကက်တင်း) ဆိုတဲ့ ဈေးရောင်းခြင်းအတတ်ပညာအကြောင်း ရိုက်ကူးထားတာပါ။အပိုင်းသုံးပိုင်းကို တပိုင်း နဲ့ တပိုင်း ဆွဲဆောင်ပြော ဆိုချက် တွေက ကျောက်ဆစ်ရုပ် ခေါင်းထည်ိမ့်ရမလိုပါပဲ။လူတယောက်က အသားခပ်လတ်လတ် ၊မျက်နှာက ရှမ်းတရုတ်၊ မျက်မှန်တပ်ထားတယ်။သူ့ကိုယ်သူအရင်က ဆရာဝန်တယောက်ပါလို့ မိတ်ဆက်တယ်။ ဒီဈေးရောင်းနည်းပညာကို သူမသိခင်က လူနာတွေကြား ထဲမှာ ချွေးသီးချွေးပေါက် ကျတဲ့အထိ ဝင်ငွေရှာရတဲ့အကြောင်းလဲ ပြောပါတယ်။

လူအုပ်ကြီးကတော့ သူပြောနေတာကို စိတ်ဝင်တစား ကြည့်နေကြပါတယ်။ အဲဒီအချိန်က လူအုပ်ကြီး ထဲမှာ ဆရာဝန်ဖြစ်လာတာ ငွေရှာဖို့လား၊ဆရာဝန်ကျင့်ဝတ်ကို ဖတ်ကြားရတဲ့အချိန်မှာ ဒီအလုပ်ဟာ ငွေရှာလို့ မရတဲ့အလုပ်ပါလား ဆိုတာ မသိခဲ့ဘူးလားဆိုတဲ့ သံသရမေးခွန်းမျိုး မေးခွန်းထုတ်ခဲ့ကြသူတွေလဲ ရှိခဲ့ကြမယ် ထင်ပါတယ်။

မျက်မှန်နဲ့လူကပဲ လူအုပ်ကြီးကို စကားတွေဆက်ပြောပါတယ်။ မန်ဘာဘယ်လိုဝင်ရသလဲ၊ မန်ဘာဝင်ပြီးတာနဲ့ ကုန်ပစ္စည်း ဘယ်လောက်ဖိုး ဝယ်ရမယ်။ ဝယ်ထားတဲ့ကုန်ပစ္စည်း ကို နောက်ထပ်မန်ဘာရှာပြီး ဘယ်လိုရောင်းရမလဲ ၊ ကိုယ့်အတွက် မန်ဘာများလာလေလေ ဝင်ငွေဘယ်လောက် ကျန်မလဲဆိုတာ မျက်မှန်တပ်ထားတဲ့ ဆရာဝန်လူထွက်ဆိုသူက ပြောပြပါတယ်။ ဒီအဆင့်တွေဟာ သူလုပ်ခဲ့တဲ့ အဆင့်တွေလို့ ပြောပါတယ်။ဒီအဆင့်တွေကျော်လွန်ပြီး ဘာတွေဆက်ဖြစ်မလဲဆိုတာကို နောက်ဆုံးအပိုင်းဆက်အဖြစ် ပြောပြပါတယ်။

ခမ်းနားကြီးကျယ်တဲ့အိမ်တလုံးကိုရိုက်ပြထားတယ်။ဒီအိမ်ဟာ ဒီဈေးရောင်းရာကနေ ဝယ်ထားတဲ့ အကြောင်း မက်လုံးပေး ပြောလာတယ်။ လူအုပ်ကြီးကို သူအခုလို မက်လုံးပေး ပြောပြလို့ရတဲ့အချက်က ဘယ်သူကမှ သူ့အိမ်ဟုတ်မဟုတ်ကို သွားစစ်ဆေးနေမှာမဟုတ်ဘူးဆိုတာ သိထားပုံရပါတယ်။

တဆက်ထဲမှာပဲ သွားခဲ့တဲ့ခရီးစဉ်တွေ၊ နိုင်ငံတွေအကြောင်း ရိုက်ပြပါတယ်။ ဒီလုပ်ငန်းမှာ အခု လိုအောင်မြင်အောင် ဈေးရောင်းနိုင်ရင် အခုလို ခရီးစဉ်တွေကို သွားခွင့်ရမှာဖြစ်တဲ့ အကြောင်း ဆရာဝန်လူထွက်က ပြောပြပါတယ်။

နားယောင်မိတဲ့ သူတွေအဖို့တော့ မန်ဘာဝင်ပြီး ဝယ်ထားတဲ့ပစ္စည်းတွေကို ရောင်းမထွက်လို့ အရင်းပြန်မရတာတွေ ဒုနဲ့ဒေး ရှိကြပါတယ်။ အရည်အသွေးမမှန်တဲ့ ကုန်ပစ္စည်းတွေကြောင့် သုံးစွဲသူတွေ ဒုက္ခရောက်ကြရတာလဲ မြောက်များစွာရှိလာပါတယ်။အခုတော့ ရွာကိုကျားဖြန့်အွန်လိုင်းငွေလိမ်နည်းတွေ ရောက်လာပြီလို့ ပြောလို့ရမှာပါ။ သတိကြီးကြီးထားပြီး ရှောင်ရှားကြဖို့ လိုပါမယ်။ အာပေါင်အာ ရင်းသန်သန်နဲ့ စည်းရုံးပြောဆိုတာတွေအောက် သတိချပ်ပြီး ရှောင်ထွက်နိုင်ကြပါစေလို့ ဆုတောင်းရေးသားလိုက်ရပါတယ်။

**ဖူးသိမ်ကျ ရေးသားသည်။**